# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (6-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံဩဝါဒအမှာစကားပြောကြား

## လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်



နေပြည်တော် မေ ၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ဩဝါဒအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်စဉ်။**

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်** စာမျက်နှာ - ၂၀

**နိုင်ငံအတွက် အားထားရမည့် လူရည်ချွန်များကို ပြုစုပျိုးထောင်ပေးဆောင်းပါး** စာမျက်နှာ - ၂၉

**မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် အပစ်အခတ်ရပ်စဲရေးအစီအစဉ် သမ္မတ ပူတင် ကြေညာ** စာမျက်နှာ - ၆




# ရတနာပုံ

၂၀၂၆ ခုနှစ် မေ ၆ ရက်

**အယ်ဒီတာ့အာဘော်**

## မိုးကြိုကာလတွင်ဖြစ်တတ်သော ဘေးအန္တရာယ်များကို အထူးသတိပြု

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသခန့်မှန်းချက်များအရ အနောက်တောင်မုတ်သုံလေသည် မေလ ၁၃ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ် ဒေသများသို့လည်းကောင်း၊ မေလ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၃၁ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ထို့ပြင် ယခုကဲ့သို့ နွေအကုန်မိုးအကူးကာလတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ခန့်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သဖြင့် ယခုကာလတွင်ဖြစ်ပွားတတ်သည့် သဘာဝဘေးများကို ပြည်သူများအနေဖြင့် ကြိုတင်သတိပြုဆင်ခြင်နေထိုင်သင့်သော အချိန်ဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း အပူချိန်မြင့်မားလာမှုနှင့်အတူ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့သောကြောင့် ဒေသခံများသည် ရေကြီးရေလျှံမှုများနှင့် လေပြင်းတိုက်ခတ်သည့် အန္တရာယ်များကို ကြုံတွေ့ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသအချို့တွင် နေရာကွက်ကျားမိုးရွာသွန်းမှုအခြေအနေများနှင့် မကြုံတွေ့ခဲ့ရသော်လည်း လေပြင်းတိုက်ခတ်မှုအန္တရာယ်များကို ကြုံတွေ့ခဲ့ရသည်။

မိုးကြိုကာလဖြစ်သော ယခုမေလမှစတင်၍ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလများအတွင်း လေထုမငြိမ်သက်မှုများ၊ နေ့အပူအချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်းလာသဖြင့် နေ့စဉ်မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းတို့ကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းများနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

ယခုကဲ့သို့ မိုးရွာသွန်းချိန်တွင် မိုးရေစိုပြီး အအေးမိလျှင် ခန္ဓာကိုယ်၏အပူချိန် ရုတ်တရက်ပြောင်းလဲမှုကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်ကျဆင်းစေပြီး မည်သည့်ရောဂါပိုးမွှားများကိုမဆို အလွယ်တကူဝင်ရောက်နိုင်သည့်အပြင် အဖျားကြီးခြင်း၊ ချမ်းတုန်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ဖြစ်စေနိုင်သည်။ ရောဂါအများစုသည် လူတို့၏ ကိုယ်ခံစွမ်းအားလျော့နည်းခြင်းကြောင့်ဖြစ်ရသည့်အတွက် ယခုကာလတွင် ကိုယ်ခံအားကောင်းစေသော အစားအစာများ၊ ဖြည့်စွက်စာများနှင့် ဆေးဝါးများကို မှီဝဲသင့်ပေသည်။

ထို့ပြင် မိုးရွာသွန်းမှုကြောင့် တွင်းအောင်းသတ္တဝါများ တွင်းထဲတွင်မနေနိုင်ဘဲ အပြင်သို့ထွက်လာတတ်သည်။ အထူးသဖြင့် မြွေများ၊ ကင်းများထွက်လာနိုင်သဖြင့် အဆိပ်ရှိသော သတ္တဝါများအန္တရာယ်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ လမ်းများစိုစွတ်နေချိန်၌ ယာဉ်အန္တရာယ်များဖြစ်ပွားတတ်သဖြင့် ဂရုပြုဆင်ခြင်မောင်းနှင်သင့်သည်။ ယခုကာလတွင် နောက်ထပ်အထူးသတိပြုရမည့် အန္တရာယ်မှာ လျှပ်စစ်အန္တရာယ်ဖြစ်သည်။ မိုးရေစိုစွတ်နေချိန်၌ လျှပ်ကူးနေတတ်သဖြင့် မီးခလုတ်၊ မီးကြိုးများကို သတိပြု၍ ကိုင်တွယ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးကြိုကာလတွင်ဖြစ်တတ်သော ဘေးအန္တရာယ်များကို ပြည်သူများအနေဖြင့် သတိပြုဆင်ခြင်ရန် လိုအပ်သကဲ့သို့ မိုးလေဝသသတင်းများကို အချိန်နှင့်တစ်ပြေးညီ နားစွင့်ထားပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆင်ခြင်သတိပြုနေထိုင်ခြင်းတို့ဖြင့် သဘာဝဘေးအန္တရာယ်မှ ဘေးကင်းလုံခြုံစွာ နေထိုင်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၉၈၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၉၈၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် မြေပဲကေ ၉၈၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိမှာတော့ မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲကေ ၉၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို မေလတတိယပတ်မှ စတင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပလာတူးငါးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပလာတူးငါးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လက ပလာတူးငါး ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလတစ်လအတွင်း ပလာတူးငါးပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဧပြီလထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်နေပါတယ်။ ဘိုကလေးမြို့နယ်ကနေ ပလာတူးငါးအပါအဝင် အခြားရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေ တင်ပို့ရောင်းချအားကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းအဆင်ပြေနေပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလားတူးငါး ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀ မှ ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တံတားဦးမြို့နယ် အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး မေ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ရှစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၉ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်လေးပင်မြို့နယ် ဇီးကန်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် မေ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဝါးပတောကျေးရွာအုပ်စု ဇီးကန်(အရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဦးစိုးကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးကန် (အရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၂ ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် - မန္တလေးမြို့၊ ၈၂ လမ်း၊ ၄၃ x ၄၄ လမ်းကြားနေ ဦးဇော်လင်း + ဒေါ်မိုမိုအောင် တို့၏ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး-ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင်- ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၂၈၄၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် လာမည့် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း၂၈၄၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၄၀၀ နှင့် ဖူးစားပြောင်း ၂၄၄၁ ဧက စုစုပေါင်း ၂၈၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ မိုးသီးနှံ စိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၈၄၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ စတဲ့အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းနေမှု စစ်ဆေး

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်နှင့်အဖွဲ့၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ သာယာကုန်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးစိုးမောင်က ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသာယာကုန်းကျေးရွာ၌ နှစ်လက်မ PVC ပိုက်အရှည်ပေ ၆၃၂၀ ရှိရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၉၂ သန်း အသုံးပြုကာဌာနမှ ဝန်ထမ်းများ စုဖွဲ့မှုဖြင့် ၂၀၂၆ ခုနှစ် မေ ၃ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နေဝ်လူး**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ငရုတ်သီးစိမ်း ပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့်ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းအတွင်းထဲက အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ ဒေသထွက် ငရုတ်သီးစိမ်းတွေက အရည်အသွေး ကောင်းပါတယ်" ဟု ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိလာသော ငရုတ်သီးစိမ်းများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများတင်ပို့မှုများပြားလာခြင်းကြောင့် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက နေ့ခုနစ်နေ့

မောင်သာ(ရွှေဟောင်းသုတေသန)

ပြက္ခဒိန်သည် ရှေးနှစ်ပေါင်းများစွာကပင် လူသားတိုင်းနှင့် အုပ်ချုပ်သူများအတွက် အလွန်အရေးပါသည့် နှစ်၊ လ၊ ရက် ရေတွက်မှုစနစ်တစ်ခုဖြစ်သည်။ ပြက္ခဒိန်စနစ်ကို မြန်မာနိုင်ငံတွင် မည်သည့်အချိန်က အစောဆုံး စတင်အသုံးပြုခဲ့ကြောင်း တိကျစွာ မသိရှိရသေးသော်လည်း ပျူယဉ်ကျေးမှု ထွန်းကားချိန်တွင် ခုနှစ် ရေတွက်သည့်စနစ်ကို အသုံးပြုနေပြီဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သည့် အရိုးအိုးဟု ယူဆကြသော ကျောက်ထွင်းအိုးများတွင် ရေးထိုးထားသည့် သရေခေတ္တရာကို အုပ်စိုးခဲ့သူများနှင့် ဆွေမျိုးတစ်ဦးကွယ်လွန်သည့် ခုနှစ်များသည် ပျူခေတ်တွင် ခုနှစ်သက္ကရာဇ် ကိန်းဂဏန်းများကို အသုံးပြုနေကြောင်း ဖော်ညွှန်းသည့်အထောက်အထားတစ်ရပ်ဖြစ်သည်။

ပျူခေတ်ကုန်ဆုံးပြီး ပုဂံခေတ်ထွန်းကားလာချိန်တွင် ကျောက်စာရေးထိုး မှတ်တမ်းတင်ခြင်းသည် တွင်ကျယ်စွာ ထွန်းကားလာခဲ့သည်။ ပုဂံခေတ်တွင် အလှူမှတ်တမ်းမှစ၍ အမိန့်ပြန်တမ်းများထိ အကြောင်းအရာမျိုးစုံကို ဘုရင်နှင့်မိဖုရားကအစပြု၍ အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များက ကျောက်စာများရေးထိုးခဲ့ကြသည်။ ပုဂံကျောက်စာများတွင် ခုနှစ်သက္ကရာဇ်များကို ထည့်သွင်းရေးထိုးကြရာ သာသနာသက္ကရာဇ် သို့မဟုတ် ကောဇာသက္ကရာဇ်ကို ဖော်ပြသည်။ အချို့ကျောက်စာများတွင် မြန်မာလအမည်နှင့်အတူ လဆန်း၊ လဆုတ်ရက်ကိုပါ ဖော်ပြရုံသာမက တနင်္ဂနွေ၊ တနင်္လာ စသည့်နေ့အမည်များကိုပါ ထည့်သွင်းရေးထိုးခဲ့ကြသည်။

**ပုဂံကျောက်စာများထဲက ရက်စွဲများ**

မြန်မာဘာသာဖြင့်ရေးထိုးသည့်ပုဂံခေတ်ကျောက်စာများတွင် သက္ကရာဇ် ၄၇၅ ခုနှစ်(ခရစ်နှစ် ၁၁၁၃ ခုနှစ်)က ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာတွင် သာသနာသက္ကရာဇ်ကို ပထမဆုံးထည့်သွင်း ရေးထိုးခဲ့သည်။ ရာဇကုမာရ်ကျောက်စာနှင့်ခေတ်ပြိုင်ရေးထိုးခဲ့သည့် နဘဲတောဘုရားကျောက်စာတွင် သာသနာသက္ကရာဇ်ကိုဖော်ပြထားပြီး ရာဇကုမာရ်ကျောက်စာကဲ့သို့ပင် လနှင့်ရက်တို့ကိုဖော်ပြခြင်းမရှိပေ။

ရာဇကုမာရ်ကျောက်စာနှင့် နဘဲတောဘုရားကျောက်စာတို့ကိုရေးထိုးပြီး ၃၅ နှစ်အကြာ သက္ကရာဇ် ၅၀၉ ခုနှစ်တွင်ရေးထိုးသည့် တုရင်ပုထိုးကျောက်စာသည်မြန်မာသက္ကရာဇ်၊ ပုဂံခေတ်သုံးသက္ကရာဇ်အမည်၊ လဆန်း၊ လဆုတ်ရက်နှင့် နေ့အမည်တို့ကို ပြည့်စုံစွာ ရေးထိုးထားသည့် အစောဆုံးကျောက်စာဖြစ်သည်။ ထိုကျောက်စာတွင် ခုနှစ်၊ သက္ကရာဇ်၊ လနှင့် ရက်ကို "သကရာစ် ၅၀၉ ခု၊ ဗိဿ္သဝေဿ္သနှစ်၊ တန်ခူလဆန် ယုစ်ရှာက်၊ ကြာသပတိယ်နိယ္သ်" (သက္ကရာဇ် ၅၀၉ ခုနှစ် တန်ခူးလဆန်း ၈ ရက်၊ ကြာသပတေးနေ့)ဟု ရေးထိုးထားခြင်းကို ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် ကူးယူဖော်ပြထားသည်။

ထိုနှစ်၌ပင်ရေးထိုးသည့် ငွေယ်သင်ကျောက်စာတွင်လည်း ခုနှစ်သက္ကရာဇ်၊ လ ၊ရက်၊ နေ့တို့ကို ပြည့်စုံစွာ တွေ့ရှိရသည်။ ငွေယ်သင်ကျောက်စာ၌ "သကရာဇ် ၅၀၉ ခုနှစ် စိဿနှစ်၊ ပ္လသိုဝ်လွည်၊ ပုတ္တဟူနိယ္သ်" (သက္ကရာဇ် ၅၀၉ ခုနှစ် ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့)ဟု ရေးထိုးထားသည်။

ထိုကျောက်စာနှစ်ချပ်နောက်ပိုင်းတွင် ရေးထိုးသည့် ကျောက်စာအများစုတွင် ခုနှစ်သက္ကရာဇ်၊ လ၊ ရက်၊ နေ့တို့ကို ပြည့်စုံစွာရေးထိုးလာခဲ့ကြသည်။ ထို့ကြောင့် ကမ္ဗည်းကျောက်စာတစ်ခုတွင် သက္ကရာဇ် လည်းပါသည်၊ အရေးအသားနှင့် အက္ခရာပုံကလည်း ထိုခေတ်ကအတိုင်းဖြစ်သည်ဆိုလျှင် ထိုကျောက်စာကို မူလထိုးဟုခေါ်ဆိုကြောင်း သုတေသနဝန်ထောက် ဦးငြိမ်းမောင်က ရေးသားခဲ့သည်။

ကျောက်စာတစ်ချပ်တွင် သက္ကရာဇ်ပါရှိသော်လည်း စာသားရေးဟန်၊ စကားလုံးအသုံးအနှုန်းနှင့် အက္ခရာပုံစံအရ ထိုအချိန်တွင်အသုံးပြုသည့် ကျောက်စာရေးထုံးများနှင့် မညီညွတ်ပါက ထိုကာလတွင် ဖြစ်ပျက်သည့်အကြောင်းအရာပင် ဖြစ်လင့်ကစား ထိုကျောက်စာကို မူလထိုးကျောက်စာဟု ယူဆနိုင်မည် မဟုတ်ချေ။

> ❖ ပုဂံကျောက်စာများတွင် တနင်္ဂနွေနေ့ကို တန်နင်ကုနယ်၊ တန်နင်ကုနွေ၊ တန်နင်ကနွေ စသည်ဖြင့် တွေ့ရှိရသည်။ တန်နင်ကို မြန်မာဘာသာဖြင့် နီးနွယ်သောဘာသာစကားတို့နှင့်ချင့်ချိန်၍ နေ့ဟု အဓိပ္ပာယ်ကောက်ကာ ကုနယ်၊ ကုနေ၊ ကနွေတို့သည် နေကို ဆိုလိုသဖြင့် တနင်္ဂနွေသည် နေကိုအစွဲပြုသည့်နေ့ဖြစ်သည်။ တနင်္လာနေ့ကိုမှု ပုဂံကျောက်စာများတွင် တန်နင်လာ၊ တန်လာ၊ ၂ နိယ်ဟု တွေ့ရလေ့ရှိကာ လာဟူသောပုဒ်သည် လကိုဆိုလိုခြင်းဖြစ်၍ တန်နင်လာသည် လနှင့်သက်ဆိုင်သည့်နေ့ဟု အဓိပ္ပာယ်ရှိသည်။ ❖

**ပုဂံခေတ်သုံးခုနှစ်အမည်များ**

ပုဂံခေတ်ထိုးကျောက်စာများတွင် ခုနှစ်သက္ကရာဇ် ကိန်းဂဏန်းကိုဖော်ပြသည့်အပြင် ပုဂံခေတ်သုံး ခုနှစ် အမည်ကိုပါ ထည့်သွင်းရေးထိုးလေ့ရှိသည်။ ကျောက်စာတစ်ချပ်တွင် သက္ကရာဇ်က မသဲကွဲလျှင်ဖြစ်စေ၊ မထင်ရှားလျှင်ဖြစ်စေ၊ လွဲချော်နေလျှင်ဖြစ်စေ ကျောက်စာပါသက္ကရာဇ်နှင့် အမည်ကို တိုက်ဆိုင်စစ်ဆေးနိုင်သည်။

ပုဂံကျောက်စာတွင်ပါရှိသည့် မြန်မာသက္ကရာဇ်အမည်များသည်ကျောက်စာပါသက္ကရာဇ်ကိုတည်ကာ နေနှင့် လကို ရည်ညွှန်းသည့် ၂ ကို နုတ်၍ ရလဒ်ကို ၁၂ ဖြင့်စားပြီး ရရှိသည့်အကြွင်းကိန်းအလျောက် အမည်ပေးထားခြင်းဖြစ်သည်။ ထိုအမည်များကို သုတေသနဝန်ထောက် ဦးငြိမ်းမောင်က ဇဗ္ဗင်ဝေါဟာရနှင့် ကျောက်စာဝေါဟာရများဟု ခေါ်းစဉ်တပ်ခဲ့သည်။ ထိုတွက်ပုံအရ-

- ၁ ကြွင်းလျှင်- ဇေယျာ၊ဇယ်၊ စယ်၊ ဇဲ၊ ဇည်၊ စည်၊ စေ၊ စိတြ
- ၂ ကြွင်းလျှင်- ဝိသာခါ၊ ပိသျက်၊ ဗိသျက်၊ ဗိသျှ၊ ပိသျှစ်၊ ဖဲသာခ
- ၃ ကြွင်းလျှင်- ဇေဋ္ဌ၊ ဇိဿ၊ ဇိသ၊ စိဿ၊ စိတ္တ၊ စိသ၊ စိသျှ၊ ဇိအ်
- ၄ ကြွင်းလျှင်- အာသဠိ၊ အာသဋ်၊ အာသန်၊ အာသတ်၊ အာသဠ၊ အာသ
- ၅ ကြွင်းလျှင်- သရဝဏ်၊ သြဝဏ်၊ သရဝန်၊ သြဝန်၊ သြွန်
- ၆ ကြွင်းလျှင်- ဘဒြ၊ ဘဿ၊ ဖဿ၊ ဖတ်သ၊ ဘတ်၊ ဘာတ်
- ၇ ကြွင်းလျှင်- အဿယုဇ္ဇ၊ အသုက်၊ အာသုတ်၊ အသုစ်၊ အာသုစ်၊ အာသိတ်၊ အသိန်၊ အာသိန်
- ၈ ကြွင်းလျှင်- ကြတ္တိကာ၊ ကြတိကာ၊ ကြတိုက်၊ ကြာတိုက်
- ၉ ကြွင်းလျှင်- မိဂသီ၊ မိဂ္ဂိ၊ မိဂသိ၊ မြိဂ္ဂသိုလ်၊ မြိဂ္ဂသို၊ မြိက်သိုလ်၊ မြိဂ္ဂသိုလ်၊ မြဂဝသီရ
- ၁၀ ကြွင်းလျှင်- ဖုဿျှ၊ ဖုဿ၊ ပုဿ၊ ပုတ်သ၊ ပုတ္တ
- ၁၁ ကြွင်းလျှင်- မာဃ၊ မာခ
- ၀ ကြွင်းလျှင်- ဘရဂုဏ္ဏိဖဂ္ဂုဏ၊ ဘလကိုရ်၊ ဖလကိုရ်၊ ဖ္လရိန်၊ ဖလကန်၊ ဖြကိုန်၊ ဖျကိုန်၊ ဖ္လကိုဝ်၊ ဖလကိုဝ်၊ ဖြကိုင်ဟု အမည်ပေးသည်။

ထိုစကားလုံးများကို ပုဂံကျောက်စာများတွင် တွေ့ရလေ့ရှိသည်။ သို့သော် တစ်ခါတစ်ရံ၌ အချို့ကျောက်စာများတွင် သက္ကရာဇ်နှင့် အမည် ကွဲလွဲနေမှုကို တွေ့ရှိရသည်။

**မြန်မာတို့၏ နေ့ ခုနစ်နေ့**

မြန်မာတို့အသုံးပြုသည့် ပြက္ခဒိန်စနစ်တွင် နေ့ခုနစ်နေ့ကို ရက်သတ္တတစ်ပတ်ဟု သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ခြင်းသည် လပြည့်သည့်နေ့ တစ်ကြိမ်နှင့် တစ်ကြိမ်အကြား ကွာခြားသည့်ရက်များကို လေးစုစု၍ အနီးစပ်ဆုံး ခုနစ်ရက်ကို ရက်သတ္တတစ်ပတ်ဟု သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာလတစ်လသည် ရက် ၃၀ သို့မဟုတ် ၂၉ ရက်ရှိသဖြင့် လေးပုံပုံကာ တစ်ပတ်တွင် ခုနစ်ရက်သတ်မှတ်ထားခြင်းဖြစ်သည်။

ယနေ့ကမ္ဘာသုံးပြက္ခဒိန်တွင် နေ့ရက်များကို ဘီစီ ၃၂၁ ခုနှစ်၌ ရောမဘုရင် ကွန်စတင်တိုင်ဘုန်းကြီးတစ်ပါးက စတင်တီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘုရားရှင်ဖွားမြင်တော်မူသည့် ဘီစီ ၆၂၄ ခုနှစ်တွင် နေ့အမည်များကို အသုံးပြုနေပြီဖြစ်သဖြင့် သန္ဓေယူခြင်း၊ ဖွားတော်မူခြင်းစသည့် ဗုဒ္ဓဆိုင်ရာ နေ့ခုနစ်နေ့ကို မှတ်သားနိုင်ခဲ့ကြသည်။

ခုနစ်ကွာခြားမှုအရ အိန္ဒိယနိုင်ငံသည် ပြက္ခဒိန်နေ့ရက်များကို ရောမတို့ထက်စောစွာ အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာတို့၏ အယူအရ တနင်္ဂနွေသည် တနင်္ဂနွေဂြိုဟ်(နေ)ကိုအစွဲပြုသည့် အမည်ဖြစ်သည်။ ထို့အတူ တနင်္လာသည် လကို အစွဲပြုခေါ်ဆိုခြင်းဖြစ်သည်ဟု ဆိုသည်။ ကျန်နေ့အမည်များသည် မြန်မာအခေါ်အဝေါ်များမဟုတ်ဘဲ သက္ကတဘာသာမှ ဆင်းသက်လာသည့် ဝေါဟာရများဖြစ်ကြသည်။

ပုဂံကျောက်စာများတွင် တနင်္ဂနွေနေ့ကို တန်နင်ကုနယ်၊ တန်နင်ကုနွေ၊ တန်နင်ကနွေ စသည်ဖြင့် တွေ့ရှိရသည်။ တန်နင်ကို မြန်မာဘာသာဖြင့် နီးနွယ်သောဘာသာစကားတို့နှင့်ချင့်ချိန်၍ နေ့ဟု အဓိပ္ပာယ်ကောက်ကာ ကုနယ်၊ ကုနေ၊ ကနွေတို့သည် နေကို ဆိုလိုသဖြင့် တနင်္ဂနွေသည် နေကိုအစွဲပြုသည့် နေ့ဖြစ်သည်။

တနင်္လာနေ့ကိုမှု ပုဂံကျောက်စာများတွင် တန်နင်လာ၊ တန်လာ၊ ၂ နိယ်ဟု တွေ့ရလေ့ရှိကာ လာဟူသောပုဒ်သည် လကိုဆိုလိုခြင်းဖြစ်၍ တန်နင်လာသည် လနှင့်သက်ဆိုင်သည့်နေ့ဟု အဓိပ္ပာယ်ရှိသည်။

အင်္ဂါနေ့ကို ကျောက်စာများတွင် အင်္ဂါ၊ အင်ကာ၊ အင်္ဂါ၊ ၃ နိယ် ဟု တွေ့ရလေ့ရှိသည်။ အင်္ဂါရသည် သက္ကတဘာသာမှ ဆင်းသက်လာပြီး မီးကျီးမီးခဲဟု အဓိပ္ပာယ်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် အင်္ဂါသည် မီးကျီးခဲကဲ့သို့ နီရဲသည့်အဆင်းရှိသောဂြိုဟ်ဟု အနက်ရှိကာ အင်္ဂါဂြိုဟ်ကိုအစွဲပြုလျက် အင်္ဂါနေ့ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။

ဗုဒ္ဓဟူးနေ့ကို ပုဂံကျောက်စာများတွင် ပုတ္တဟူနိယ်ဟု တွေ့ရလေ့ရှိသည်။ သက္ကတဘာသာတွင် ဗုဒ္ဓဟူးနေ့ကို ဗုဒ္ဓဒိနဟု ခေါ်ဆိုရာ ဗုဒ္ဓသည် ဘုရား၊ ဒိနသည် နေ့ဟု အဓိပ္ပာယ်ရှိသည်။ ပုဂံခေတ်သုံး ပုတ္တသည် ဗုဒ္ဓဖြစ်၍ ဟူသည် ပင့်ခေါ်ခြင်းဟု အနက်ရှိသဖြင့် ပုတ္တဟူသည် ဘုရားကို ပင့်ခေါ်ခြင်းဟုလည်း အနက်ရှိသည်။

ကြာသပတေးနေ့ကို ပုဂံကျောက်စာများတွင် ကြာသပတိယ်၊ကြာသပဒိယ်၊ ကြာသပတိယ်၊ ၅ နိယ်ဟု တွေ့ရလေ့ရှိသည်။ ရာဇမတ္တဏ်ကျမ်းအရ ကြာသပတေးသည် သိဒ္ဓတိုင်း၊ အ*Ð*ရသအနွယ်၊ ကျာသပတေးကို အစွဲပြု၍ ခေါ်ဆိုကြောင်း၊ ပုဂံကျောက်စာများတွင် ကြာသပတိယ်နှင့် ဆင်တူအရေးအသားကိုတွေ့ရကြောင်း၊ မြန်မာကျောက်စာ၌ ရေးသော ပတိယ်သည် ခေတ်အရေးအသားနှင့် ဆိုသော် ပတိနှင့်အတူတူပင်ဖြစ်ကြောင်း မြန်မာပြက္ခဒိန်ကျမ်းတွင် ဖော်ပြထားသည်။ သုကြွယ်တိုင်ပင်သင် လင်မယားကျောက်စာတွင် ကြာသပတေးနေ့ကို ကြာသပတိယ်နိယ်ဟု ထူးခြားသော အရေးအသားဖြင့်တွေ့ရှိရသည်။

သောကြာနေ့သည် ပုဂံကျောက်စာများတွင် သုက်ကြာနိယ်၊ သုကြာ္ကနိယ်၊ သုကြာနိယ်၊ သောကြာနိယ်၊ ၆ နိယ်ဟု တွေ့ရှိရသည်။ သုကြာသည် သက္ကတဘာသာစကား သုကြမှဆင်းသက်လာသည့်ပုဒ်ဖြစ်၍ ဖြူစင်ထွန်းတောက်ခြင်းဟု အဓိပ္ပာယ်ရှိသည်။

စနေနေ့ကို ပုဂံကျောက်စာများတွင် စနိယ်နိယ်ဟု ရေးသားကြကာ ၎င်းစကားလုံးသည် သက္ကတဘာသာစကားဂနိ(အသံထွက် ရှနိ)မှ ဆင်းသက်လာကြောင်း ဆရာကြီးဦးဖိုးလတ်က ရှင်းလင်းရေးသားခဲ့သည်။

ပုဂံခေတ်ကျောက်စာများတွင် နေ့ခုနစ်နေ့ကို တိကျစုံလင်စွာတွေ့ရှိရကာ အချို့နေ့များကို ၂ နိယ်၊ ၃ နိယ်၊ ၅ နိယ် စသည်ဖြင့် ကိန်းဂဏန်းနှင့်တွဲကာ ဖော်ပြကြသည်။ထို့ကြောင့် ပုဂံကျောက်စာအထောက်အထားများအရ ပုဂံခေတ်တွင် နေ့ခုနစ်နေ့အမည်များနှင့် ထိုနေ့များကိုကိုယ်စားပြုသည့် ကိန်းဂဏန်းများကို သုံးစွဲနေပြီဖြစ်သည်ဟု တွေ့ရှိရကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ (ဦးငြိမ်းမောင်)
- မြန်မာနေ့အမည်များနှင့် မြန်မာနှစ်အမည်များ(ဦးဖိုးလတ်)
- မြန်မာပြက္ခဒိန်(အေးငြိမ်း-လေးမျက်နှာ)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၅၄၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၅၄၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၁၅၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးပါမယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ် ရွှေပြည်သာကျေးရွာ၌ မြေသားရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**လပွတ္တာ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိမ်ကုန်းကြီး ကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာ၌ မြေသားရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၄ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရွှေပြည်သာကျေးရွာ၌ မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေပြည်သာကျေးရွာ၌ အလျားပေ ၁၁၀၊ အနံပေ ၁၁၀၊ အနက်သုံးပေ မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်း၊ အလျားပေ ၁၆၀၊ အနံပေ ၁၆၀၊ အမြင့် ငါးပေ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၂၂ သန်းဖြင့် ဌာနမှတာဝန်ယူ၍ ယခုနှစ် ဧပြီ ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၂၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ထောင်စု ၂၇၃ စု၊ လူဦးရေ ၁၀၃၃ ဦးတို့အပြင် အနီးဝန်းကျင် ကျေးရွာတို့မှ ကျေးရွာပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း လပွတ္တာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးထံမှ သိရသည်။

**တေဇာလင်း**

# ရှင်သန်ခြင်း

- ရှင်သန်ရာ ဘဝတစ်ခု
  အစပြု အခြေတည်၊
  စိတ်ကောင်းကို ရှေ့တန်းထား
  လှုပ်ရှားရမည်၊
  ရိုးသားမှု လှဂုဏ်ရည်
  သီကုံးညီ ကျင့်ဝတ်မွေး၊
  ကြိုးစားလေ လူဖြစ်မရှုံး
  ကျဆုံးခြင်းဝေး။

- အိပ်မက်တွေ ဖြစ်ဖို့အရေး
  ဖော်ဆောင်ပေး ဖွဲ့ရှိပါ၊
  လောကကို အလှဆင်သ
  ပြုကြမှန်စွာ၊
  သမိုင်းကောင်း မှတ်ကျောက်မှာ
  ရေးထိုးကာ စွမ်းဆောင်သွား၊
  မြင့်မြတ်သည့် လူအဖြစ်ကို
  ထုဆစ်စို့လား။

- လောကကို အမုန်းမထား
  နှလုံးသားဖြူစင်လေ၊
  ဖြဟ္မစိုရ် ပန်းတွေပွင့်
  တင့်တယ်ပါစေ၊
  ပရဟိတ စိတ်ဓာတ်တွေ
  ဖြန့်ကြက်ဝေ မေတ္တာသုံး၊
  ထာဝစဉ် ကောင်းကျိုးရှိတယ်
  ပီတိနဲ့ပြုံး။

- လောကမှာ အမှောင်မဖုံး
  ကျင့်ဝတ်ထုံး လက်ကိုင်ကွယ်၊
  တန်ပြန်သည် မေတ္တာမိုး
  သွန်းဖြိုးပါမယ်၊
  လောကကြီး လှဖို့ရယ်
  အလှဆင်ရွယ် ကြိုးပမ်း၊
  အကျိုးဆောင် အများအတွက်
  ထမ်းရွက်လို့လှမ်း။ ။

ဖြိုးထက်(ရေစကြို)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် အပစ်အခတ်ရပ်စဲရေးအစီအစဉ် သမ္မတပူတင် ကြေညာ



မော်စကို မေ ၅

ရုရှားနိုင်ငံ၏ ၈၁ နှစ်မြောက် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ် ကာလအတွက် ယူကရိန်းစစ်မြေပြင်၌ မေ ၈ ရက်မှ ၉ ရက်ထိ အပစ်အခတ်ရပ်စဲထားမည်ဟု ရုရှားသမ္မတပူတင်က မေ ၄ ရက်တွင် ကြေညာထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ်ကာလအတွက် ယူကရိန်းစစ်မြေပြင်၌ အပစ်အခတ်ရပ်စဲပေးထားနိုင်ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖုန်းခေါ်ဆိုဆွေးနွေးခဲ့စဉ် အသိပေး ပြောကြားထားပြီးဖြစ်သည်။

မေ ၈ ရက်မှ ၉ ရက်ထိ ယူကရိန်းစစ်မြေပြင်၌ အပစ်အခတ်ရပ်စဲထားမည့်အစီအစဉ်ကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက အတည်ပြုထားပြီး ယင်းအပစ်အခတ်ရပ်စဲရေး ကြေညာချက်ကို ရုရှားနည်းတူ စောင့်ထိန်းရန် ယူကရိန်းကိုတိုက်တွန်းထားသည်။

မော်စကိုမြို့၌ ကျင်းပမည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများ လုံခြုံရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မေ ၉ ရက်တွင် ကျင်းပမည့် အခမ်းအနားများကို အနှောင့်အယှက်ပေးရန် ကြိုးပမ်းခဲ့ပါက လက်တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတိပေးပြောကြားထားသည်။

ယူကရိန်းနိုင်ငံအနေဖြင့် ယနေ့မှ မေ ၆ ရက်ထိ အပစ်အခတ်ရပ်စဲပေးထားမည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီးက သီးခြားအဆိုပြုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိမ်ဖြူတော်စည်းရိုးအနီး၌ လုံခြုံရေးများနှင့် အမျိုးသားတစ်ဦးတို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်

ဝါရှင်တန် မေ ၅

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အိမ်ဖြူတော်အနီး၌ မေ ၄ ရက်က သမ္မတလုံခြုံရေးအဖွဲ့ဝင်များနှင့် မသင်္ကာဖွယ် လက်နက်ကိုင်အမျိုးသားတစ်ဦးတို့ကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါအမျိုးသားသည် အိမ်ဖြူတော်အပြင်စည်းရိုး၌ ကင်းလှည့်နေသော သမ္မတလုံခြုံရေးအဖွဲ့ဝင်များကို လက်နက်ငယ်ဖြင့် ပစ်ခတ်ပြီးနောက် ထွက်ပြေးရန်ကြိုးပမ်းခဲ့ရာ လုံခြုံရေးအဖွဲ့ဝင်များကလည်း ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အိမ်ဖြူတော် လုံခြုံရေးများကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သူ အမျိုးသားမှာ ဒဏ်ရာရရှိထားပြီး လက်ရှိတွင် ဆေးရုံ၌ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

၎င်းအမျိုးသားနှင့် အိမ်ဖြူတော်လုံခြုံရေးအဖွဲ့ဝင်များကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့စဉ် လမ်းသွားလမ်းလာတစ်ဦးလည်း ဒဏ်ရာရခဲ့ကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြားထားသည်။

ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် အိမ်ဖြူတော် လူဝင်၊ လူထွက်ကို လုံခြုံရေးအဖွဲ့ဝင်များက ယာယီပိတ်ထားခဲ့သည်။

အိမ်ဖြူတော်လုံခြုံရေးများနှင့် မသင်္ကာဖွယ် အမျိုးသားတို့ကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အိမ်ဖြူတော်၌ သမ္မတဒေါ်နယ်ထရမ့်ရှိနေကြောင်း အမေရိကန်မီဒီယာများ၏ အဆိုအရ သိရသည်။

Ref : Xinhua

Trs : KKO

## ဘရာဇီးနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်း သုံးထပ်အဆောက်အအုံကို ဝင်တိုက်



ရီယိုဒီဂျနေးရိုး မေ ၅

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဘီလိုဟော်ရီဇွန်တီမြို့၌ မေ ၄ ရက်တွင် လေယာဉ်ငယ်တစ်စင်းက သုံးထပ်အဆောက်အအုံတစ်လုံးကို ဝင်တိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်အတွင်း လေယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးအနက် လေယာဉ်မှူးနှစ်ဦး၊ ခရီးသည်တစ်ဦး သေဆုံးခဲ့ပြီး ခရီးသည်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ်ငယ် ဝင်တိုက်မှုကြောင့် အဆောက်အအုံအတွင်း နေထိုင်သူများ အထိအခိုက်မရှိခဲ့သကဲ့သို့ အဆောက်အအုံတွင်လည်း အပျက်အစီးမရှိခဲ့ကြောင်း သိရသည်။

လေယာဉ်ငယ်သည် ဘီလိုဟော်ရီဇွန်တီမြို့ လေဆိပ်မှပျံတက်ခဲ့ပြီး မိနစ်အနည်းငယ်အကြာမှာပင် သုံးထပ်အဆောက်အအုံကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ငယ်သည် ဆော်ပေါ်လိုမြို့သို့ပျံသန်းမည့် လေယာဉ်ဖြစ်ကြောင်း ဘီလိုဟော်ရီဇွန်တီမြို့ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

ဘရာဇီးနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း လေကြောင်းမတော်တဆမှု ၁၅၃ မှုဖြစ်ပွားခဲ့ပြီး လူ ၆၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ၌ မီးရှူးမီးပန်းထုတ်လုပ်မှုစက်ရုံပေါက်ကွဲမှုဖြစ်ပွား၊ လူ ၂၁ ဦးသေဆုံး

ပေကျင်း မေ ၅

တရုတ်နိုင်ငံ ယူနန်ပြည်နယ် မီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ မေ ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၁ ဦးသေဆုံးခဲ့သည်ဟု တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော မီးရှူးမီးပန်းစက်ရုံမှာ လီယန်းမြို့၌တည်ရှိကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးရှူးမီးပန်းစက်ရုံ၌ ကယ်ဆယ်ရေးသမား ဦးရေ ၅၀၀ ခန့်နှင့် ရှာဖွေကယ်ဆယ်ရေးစက်ရုပ်များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တရုတ်တာဝန်ရှိသူများက စက်ရုံဝန်းကျင်နေရာများကို အန္တရာယ်ဇုန်အဖြစ်သတ်မှတ်၍ ဒေသခံများကို ဘေးလွတ်ရာသို့ခေါ်ထုတ်ပေးခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမီးလောင်မှုနှင့် ပတ်သက်၍ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းထားသည်။

ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သည့် မီးရှူးမီးပန်းထုတ်လုပ်မှုစက်ရုံကို ဟွာရှန်းမီးရှူးမီးပန်းထုတ်လုပ်မှုကုမ္ပဏီက ပိုင်ဆိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်ရေယာဉ်ငယ် ခြောက်စီးကို အမေရိကန်တပ်မတော် တိုက်ခိုက်ဖျက်ဆီး



ဝါရှင်တန် မေ ၅

ဟော်မုဇ်ရေလက်ကြားဖွင့်လှစ်ရေးကြိုးပမ်းမှုများကို တားဆီးနှောင့်ယှက်ခဲ့သည့် အီရန်ရေယာဉ်ငယ် ခြောက်စီးကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်ဟု အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ပိတ်ဆို့ထားမှုကြောင့် ပင်လယ်ကွေ့ ရေပြင်များအတွင်း ပိတ်မိနေသည့် သင်္ဘောများကို အမေရိကန်ရေတပ်က မေ ၄ ရက်တွင် စတင်ကယ်ထုတ်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က မေ ၃ ရက်တွင် ပြောကြားထားသည်။

မေ ၄ ရက်တွင် အီရန်တော်လှန်ရေးအစောင့်တပ်က အမေရိကန်ရေတပ် အကာအကွယ်ဖြင့် ဟော်မုဇ်ရေလက်ကြား ဖြတ်သန်းခဲ့သည့်သင်္ဘောများကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များ၊ အမြန်ရေယာဉ်များဖြင့် တိုက်ခိုက်တားဆီးရန် ကြိုးပမ်းခဲ့ကြောင်း အမေရိကန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်တပ်မတော်အနေဖြင့် အီရန်ဒုံးကျည်၊ မောင်းသူမဲ့ဒရုန်းယာဉ်များကို ကြားဖြတ်တားဆီးနိုင်ခဲ့ပြီး အမြန်ရေယာဉ်ငယ်ခြောက်စီးကိုလည်း တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

မေ ၄ ရက်တွင် အမေရိကန်ရေတပ်၏ အကာအကွယ်ပေးမှုဖြင့် အမေရိကန်အလံတင်သင်္ဘော နှစ်စီး ဟော်မုဇ်ရေလက်ကြားကို ဖြတ်ကျော်နိုင်ခဲ့သည်။

ပင်လယ်ကွေ့ရေပြင်အတွင်း ပိတ်မိနေသည့် သင်္ဘောများ ကယ်ထုတ်ရေးလုပ်ငန်းစဉ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀၀၊ လေယာဉ် အစင်း ၁၀၀ ကျော်၊ စစ်သင်္ဘောများ ပါဝင်ကူညီလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာအာကာသစခန်းသို့ သတ္တမမြောက်ပုဂ္ဂလိကအာကာသခရီးစဉ်လွှတ်တင်ရေးအတွက် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် ဗွိုင်ယေဂျာနည်းပညာကုမ္ပဏီကို နာဆာ ရွေးချယ်



**ဝါရှင်တန် မေ ၅**

နိုင်ငံတကာ အာကာသစခန်းသို့ သတ္တမမြောက် ပုဂ္ဂလိက အာကာသခရီးစဉ် လွှတ်တင်ရေးအတွက် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် ဗွိုင်ယေဂျာအမည်ရှိ နည်းပညာကုမ္ပဏီတစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က ရွေးချယ်ထားကြောင်း မေ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ ဗွိုင်ယေဂျာနည်းပညာကုမ္ပဏီသည် သတ္တမမြောက် ပုဂ္ဂလိကကြယ်တံခွန်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရေးအတွက် တာဝန်ယူရမည်ဖြစ်သည်။

ဗွိုင်ယေဂျာနည်းပညာကုမ္ပဏီ အနေဖြင့် VOYG–1 အမည်ရှိ အထက်ပါမစ်ရှင်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ထားရမည်ဖြစ်ကြောင်း သိရသည်။

VOYG–1 မစ်ရှင်တွင် ပုဂ္ဂလိကအာကာသခရီးသည် လေးဦးလိုက်ပါ၍ နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် ၁၄ ရက်ကြာ နေထိုင်မည်ဖြစ်သည်။

VOYG–1 မစ်ရှင်သည် ဗွိုင်ယေဂျာကုမ္ပဏီအတွက် ပထမဆုံး နိုင်ငံတကာ အာကာသစခန်း ပုဂ္ဂလိက ခရီးစဉ်ဖြစ်သည်။

VOYG–1 မစ်ရှင်တွင် လိုက်ပါမည့် ပုဂ္ဂလိကအာကာသယာဉ်မှူး လေးဦးကို ဗွိုင်ယေဂျာကုမ္ပဏီက စိစစ်ရွေးချယ်မည်ဖြစ်ပြီး အဆိုပါအာကာသယာဉ်မှူးများကို နာဆာနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများက လေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ကြယ်တာရာစစ်ပွဲရုပ်ရှင်ဇာတ်ကားများတွင်ပါဝင်သည့် တက်တိုးအမ်ကန္တာရဂြိုဟ်ကဲ့သို့ ကြယ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေဖွယ်ရှိသော ဂြိုဟ်ပေါင်း ၂၇ စင်းကို ရှာဖွေတွေ့ရှိ

**ကင်ဘာရာ မေ ၅**

ကြယ်တာရာစစ်ပွဲ ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သည့် တက်တိုးအမ် ကန္တာရဂြိုဟ်ကဲ့သို့ ကြယ်နှစ်စင်းအား ဗဟိုပြုလှည့်ပတ်နေဖွယ်ရှိသော ဂြိုဟ်ပေါင်း ၂၇ စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဂြိုဟ်များသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၅၀ နှင့် ၁၈၀၀ ကြား အကွာအဝေးအတွင်း တည်ရှိနေကြကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ကြယ်နှစ်စင်းဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်များအဖြစ် ယူဆရသည့် ဂြိုဟ် ၂၇ စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်ဓ်ဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါဂြိုဟ်များထဲတွင် အရွယ်အစားအားဖြင့် နက်ပကျွန်းဂြိုဟ်အရွယ်ဂြိုဟ်များလည်းပါဝင်သကဲ့သို့ ကြာသပတေးဂြိုဟ်ထက် ၁၀ ဆ ကြီးမားသည့် ဂြိုဟ်များလည်း ပါဝင်သည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များ အနေဖြင့် ကြယ်နှစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်အစင်းပေါင်း ၁၈ စင်းကိုသာ လက်ရှိတွင် ရှာဖွေအတည်ပြုနိုင်သေးကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် ကြယ်တစ်စင်းတည်းကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်များကို စင်းရေ ၆၀၀၀ ကျော်ထိ ရှာဖွေအတည်ပြုထားနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နဂါးငွေ့တန်းကြယ်စုနှင့်ပေါင်းစည်းခဲ့ပြီးနောက် ပျောက်ကွယ်ခဲ့ရသော လိုကီကြယ်စုငယ်၏ သဲလွန်စအထောက်အထားများကို သိပ္ပံပညာရှင်များတွေ့ရှိထား

**ဝါရှင်တန် မေ ၅**

တစ်ချိန်သောအခါက နဂါးငွေ့တန်းကြယ်စုနှင့် ပေါင်းစည်းခဲ့ပြီးနောက် ပျောက်ကွယ်ခဲ့ရသော လိုကီအမည်ရှိ ကြယ်စုငယ်၏ သဲလွန်စအထောက်အထားများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း မေ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နဂါးငွေ့တန်းကြယ်စု၏အနားစွန်း၌ တည်ရှိနေသော ရှေးဟောင်းကြယ်အုပ်စုသည် လိုကီကြယ်စုငယ်၏ အကြွင်းအကျန်များဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ ရှေးဟောင်းကြယ်အုပ်စုအတွင်းရှိ ကြယ်အစင်း ၂၀ တို့သည် ဓာတုဖွဲ့စည်းပုံတူညီပြီး နေရာတစ်နေရာတည်း၌ ပေါ်ထွက်လာသည့် ကြယ်များဖြစ်ကြကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အထက်ပါ ရှေးဟောင်းကြယ်နှစ်စင်းသည် လိုကီကြယ်စုပေါ်၌ တွေ့ရှိခဲ့သော ကြယ်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်များကို လိုကီကြယ်စု၏ လက်ကျန်ကြယ်များအဖြစ် အတည်ပြုနိုင်ရေးအတွက် လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်ဆဲဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စု ကြီးထွားခဲ့စကာလအတွင်း လိုကီအမည်ရှိ ကြယ်စုငယ်တစ်ခုနှင့် ပေါင်းစည်းမိခဲ့သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ပျော်ရွှင်ရယ်မောခြင်းက အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို အထောက်အကူပြုနိုင်

**လန်ဒန် မေ ၅**

ပျော်ရွှင်ရယ်မောမှုသည် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင် များ၏အဆိုကိုကိုးကား၍ မေ ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာမှုများအရ မကြာခဏရယ်မောပေးရမှုသည် ခုခံအားစနစ်မြှင့်တင်ပေးနိုင်ပြီး စိတ်ဖိအားကို လျှော့ချပေးနိုင်သကဲ့သို့ ဝမ်းဗိုက်ကြွက်သားများကို ပိုမိုအားကောင်းစေနိုင်ကြောင်း သိရသည်။

တချို့သော လေ့လာချက်များတွင်မူ တစ်ရက်လျှင် ၁၀ မိနစ် ရယ်မောခြင်းဖြင့် ကယ်လိုရီပမာဏ ၅၀ ထိ ချေဖျက်လောင်ကျွမ်းနိုင်ကြောင်းလည်း တင်ပြထားသည်။

ထို့ပြင် ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ ရယ်မောခြင်းသည် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ရယ်မောချိန်တွင် ဝမ်းဗိုက်ကြွက်သားများ အကျုံ့အဆန့်ရှိလာတတ်ပြီး အစာခြေလမ်းကြောင်းစနစ် လှုပ်ရှားမှုကို အထောက်အကူပြုကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ရယ်မောချိန်တွင် နာကျင်ကိုက်ခဲမှုကို လျှော့ချရာ၌ အထောက်အကူပြုသော အင်ဒိုဖင်း(Endorphins) ခေါ် ဓာတုပစ္စည်းများ ပေါ်ထွက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လူငယ်များကြား ကင်ဆာဖြစ်ပွားနှုန်းမြင့်တက်မှုက အသင့်စားအစားအစာဓာတုပစ္စည်းများနှင့် ဆက်စပ်နိုင်

**လန်ဒန် မေ ၅**

လူငယ်များကြား အသက်အန္တရာယ်ကြီးမားသော ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လာမှုတွင် အသင့်စား အစားအစာများ၌ပါဝင်သော ဓာတုပစ္စည်းများ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၄ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း အသက် ၂၀ နှင့် ၄၉ နှစ်ကြား လူငယ်များကြား ကင်ဆာရောဂါ ၁၁ မျိုးဖြစ်ပွားမှုမြင့်တက်လာခဲ့ရာ ဆေးပညာရှင်များက အဖြေရှာရန် ကြိုးပမ်းခဲ့ရသည်။

အဆိုပါ ကင်ဆာရောဂါများထဲတွင် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ သိုင်းရွိုက်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသည်းကင်ဆာနှင့် ကျောက်ကပ်ကင်ဆာရောဂါများလည်း ပါဝင်သည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာချက်အရ အသက် ၅၀ အောက် လူငယ်များကြား အထက်ပါ ကင်ဆာရောဂါများဖြစ်ပွားမှုနှုန်းမြင့်တက်လာမှုသည် အသင့်စား အစားအစာများထဲတွင်ပါဝင်သည့် ဓာတုပစ္စည်းများ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၌ပါဝင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်နေနိုင်သည်။

အသက် ၅၀ အောက် လူငယ်များကြား အထက်ပါ ကင်ဆာရောဂါများဖြစ်ပွားမှုနှုန်း မြင့်တက်လာမှုသည် အဝလွန်မှုပြဿနာနှင့်သာမက အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ၌ပါဝင်သည့် ဓာတုပစ္စည်းများနှင့်လည်း ဆက်စပ်နေကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုင်ရာကို တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ယူမည်ဟု ဂျိုရှုအာဗန် ပြောကြား

ရန်ကုန် မေ ၅

UFC ဖလိုင်းဝိတ်တန်းချန်ပီယံ မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်က UFC 328 ပြိုင်ပွဲ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်တွင် စိန်ခေါ်သူ ဂျပန်ကြယ်ပွင့်ဖိုက်တာ တိုင်ရာကို တတိယအချီတွင် အလဲထိုးရလဒ်ဖြင့်အနိုင်ရယူမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဂျိုရှုအာဗန်၏ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ပါဝင်မည့် UFC 328 ပြိုင်ပွဲကို လာမည့် မေ ၉ ရက်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး စုစုပေါင်း တွဲဆိုင်း ၁၃ ဆိုင်းပါဝင်မည်ဖြစ်ကာ ဒုတိယဦးစားပေး ပွဲစဉ်အဖြစ် ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်တွင် ဂျိုရှုအာဗန်နှင့် တိုင်ရာတို့ ထိုးသတ်မည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲတွင် ၁၈ ပွဲထိုးသတ်ထားပြီး ၁၆ ပွဲအနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိရလဒ် ရရှိထားသကဲ့သို့ တိုင်ရာသည်လည်း ၁၈ ပွဲထိုးသတ်ထားပြီး ၁၇ ပွဲအနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲရလဒ် ရရှိထားသည်။

UFC Countdown အင်တာဗျူးအစီအစဉ်တွင် ဂျိုရှုအာဗန်က "ကျွန်တော်တို့ ဖလိုင်းဝိတ်တန်းထဲမှာ အန္တရာယ်အရှိဆုံး ဖိုက်တာ တစ်ယောက်ပါ။ သူ ကျွန်တော့်ကို ဆွဲလှဲဖို့ပဲကြိုးစားလာပါလိမ့်မယ်။ ကျွန်တော်ကတော့ တတိယအချီမှာ အလဲထိုးနဲ့အနိုင်ရယူသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA



# Italian Open တင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ်၊ ဂျန်နစ်ခ်ဆင်နာ၊ ဇီရက်တို့ ပါဝင်ယှဉ်ပြိုင်မည်

ရောမ မေ ၅

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပမည့် Italian Open တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်၊ ကမ္ဘာ့အဆင့်(၂)အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ၊ ဂျာမနီတင်းနစ်ကစားသမား ဇီရက်တို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ထုတ်ပြန်ခဲ့သည်ဟု Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသူဖြစ်ပြီး ကြံ့ခိုင်မှုပြန်လည်ကောင်းမွန်လာသည့်အတွက် ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၆ ခုနှစ်အတွင်း အောင်မြင်မှုများ ဆက်တိုက်ရယူထားနိုင်ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထားနေသည့် ဂျန်နစ်ခ်ဆင်နာအနေဖြင့် ဗိုလ်စွဲရန် ထိပ်ဆုံးမှ ရေပန်းစားနေသူဖြစ်သည်။

၂၀၂၆ ခုနှစ်အတွင်း အောင်မြင်မှုရှာဖွေနေသော ဇီရက်သည် Italian Open တင်းနစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားပြီး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "ဒီနှစ် Italian Open တင်းနစ်ပြိုင်ပွဲမှာ အထင်ကရကစားသမားတွေဖြစ်ကြတဲ့ ဂျိုကိုဗစ်၊ ဂျန်နစ်ခ်ဆင်နာ၊ ဇီရက်တို့ အပါအဝင် တစ်ခြားနာမည်ကြီး ကစားသမားတွေလဲ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

# ဘူလ်ဂေးရီးယားလိဂ်အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးရန်လေးပွဲအလိုတွင် ဆိုဖီယာအသင်း ချန်ပီယံဆု ဆွတ်ခူး




ဆိုဖီယာ မေ ၅

ဘူလ်ဂေးရီးယားလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ဆိုဖီယာအသင်းက ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုဖီယာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက် ကောင်းမွန်ခဲ့ပြီး ဘူလ်ဂေးရီးယား အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ် ကစားခဲ့သည့် စီအက်ကေအေ အသင်းနှင့်ပွဲစဉ်တွင်တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုဖီယာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘူလ်ဂေးရီးယားလိဂ်အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲကစားပြီးဆုံးချိန်တွင် ၂၄ ပွဲအနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၇၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်ထားကာ အဆင့်(၂)နေရာမှ စီအက်ကေအေအသင်းကို ရမှတ် ၁၄ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ သွင်းဂိုးအများဆုံးကစားသမား စာရင်းတွင်လည်း ဆိုဖီယာအသင်းမှပင် တိုက်စစ်မှူး ဘာလာက သွင်းဂိုး ၁၇ ဂိုးဖြင့် ဦးဆောင်နေပြီး ပြိုင်ပွဲ၏သွင်းဂိုးအများဆုံးကစားသမားဆုဆွတ်ခူးနိုင်ရန်နီးစပ်နေသည်။

ဆိုဖီယာအသင်းသည် ဘူလ်ဂေးရီးယားလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ယခုနှစ်ဘောလုံးရာသီအပါအဝင် ချန်ပီယံဆုကို ၂၇ ကြိမ် ဆွတ်ခူးထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြောက်ကိုရီးယားအမျိုးသမီးကလပ် နာဂိုယန်းအသင်း တောင်ကိုရီးယားနိုင်ငံတွင် အာရှအမျိုးသမီးချန်ပီယံလိဂ်ပွဲစဉ်ကစားမည်

ပြုံယမ်း မေ ၅

မြောက်ကိုရီးယားအမျိုးသမီးကလပ်အသင်း တစ်သင်းဖြစ်သည့် နာဂိုယန်းအသင်းသည် တောင်ကိုရီးယားနိုင်ငံတွင် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ကို သွားရောက် ကစားမည်ဖြစ်ကြောင်း ASEAN Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် နာဂိုယန်းအသင်းသည် တောင်ကိုရီးယားအမျိုးသမီးကလပ် ဆူဝမ်အသင်းနှင့် တောင်ကိုရီးယားနိုင်ငံတွင် လာမည့် မေ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နာဂိုယန်းအသင်း တောင်ကိုရီးယားနိုင်ငံသို့လာရောက်ကာ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ကစားမည့် ခရီးစဉ်ကို ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနကလည်း အတည်ပြုထားပြီး နာဂိုယန်းအသင်းတွင် ကလပ်ဝန်ထမ်း ၁၂ ဦးနှင့် ကစားသမား ၂၇ ဦးလိုက်ပါလာမည်ဟု အတည်ပြုထားသည်။

မြောက်ကိုရီးယားအားကစားအဖွဲ့များသည် ၂၀၁၈ ခုနှစ်က တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် ရေခဲပြင်ဟော်ကီအသင်း လာရောက်ကစားခဲ့ပြီးနောက်ပိုင်း မည်သည့် အားကစားနည်းမှ လာရောက် ကစားခြင်းမရှိသေးဘဲ ယခုအခါမှသာ နာဂိုယန်းအသင်းက မြောက်ကိုရီးယား အားကစားအဖွဲ့အနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် လာရောက်ကစားမည် ဖြစ်ကြောင်း သိရသည်။

Ref : ASEAN Football

Trs : STA

# အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုနောက်ဆုံးပွဲစဉ်၌ အနိုင်ရရှိမှသာ နောက်တစ်ဆင့်အတွက်မျှော်လင့်နိုင်မည်

ရန်ကုန် မေ ၅

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပနေသည့် အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် လာမည့် မေ ၇ ရက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဗီယက်နမ်အသင်းကို အနိုင်ရရှိမှသာ ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် အာရှယူ-၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိနိုင်ရန် ရုန်းကန်နေပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် တရုတ်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ဒုတိယပွဲစဉ်တွင်လည်း ထိုင်းအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။

အာရှယူ-၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုသုံးခုမှ အုပ်စုပထမနှင့် ဒုတိယနေရာရရှိသည့် အသင်းခြောက်သင်းနှင့် အတူ အကောင်းဆုံးအုပ်စုတတိယနေရာတွင် ရပ်တည်နိုင်မည့်အသင်းနှစ်သင်းသာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

လက်ရှိ အုပ်စုသုံးခုတွင် အကောင်းဆုံးအုပ်စု တတိယနေရာ၌ရပ်တည်နေသည့် အသင်းများအဖြစ် အုပ်စု(A)တွင် ဗီယက်နမ်အသင်း၊ အုပ်စု(B)တွင် လက်ဘနွန်အသင်း၊ အုပ်စု(C )တွင် ဖိလစ်ပိုင်အသင်းတို့က ရပ်တည်နေသည်။

မြန်မာအသင်း ပါဝင်သည့် အုပ်စု(A)တွင် တရုတ်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ထိုင်းအသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ ဗီယက်နမ်အသင်းက ရမှတ်တစ်မှတ်ဖြင့် အုပ်စုတတိယ၊မြန်မာအသင်းက ရမှတ်မရှိသေးဘဲ အုပ်စုစတုတ္ထနေရာတွင် ရပ်တည်နေသည့်အတွက် မြန်မာအသင်းအနေဖြင့် မဖြစ်မနေအနိုင်ရလဒ်ရရှိမှသာ အကောင်းဆုံးအုပ်စုတတိယဖြင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် မျှော်လင့်နိုင်မည် ဖြစ်ကြောင်း သိရသည်။



STA

# WBO ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဒူဘွိုက်စ်နှင့် ဝက်ဒ်လေတို့ ယှဉ်ပြိုင်ထိုးသတ်မည်




**မန်ချက်စတာ မေ ၅**

WBO ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဗြိတိန်လက်ဝှေ့သမားများ ဖြစ်ကြသည့် ဝက်ဒ်လေနှင့် ဒူဘွိုက်စ်တို့ လာမည့် မေ ၉ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်ဒ်လေသည် WBO ဟဲဗီးဝိတ်တန်း၏ ယာယီချန်ပီယံဖြစ်ပြီး လက်ရှိချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်က ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့သည့်အတွက် ချန်ပီယံကိုစိန်ခေါ်ခွင့်ရရှိထားသည့် ဒူဘွိုက်စ်နှင့် ထိုးသတ်မည်ဖြစ်သည်။

ဒူဘွိုက်စ်သည် ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် အူဆက်ခ်နှင့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နောက်ဆုံးထိုးသတ်ခဲ့ပြီး အဆိုပါစိန်ခေါ်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ပထမဆုံးအကြိမ် စိန်ခေါ်ပွဲပြန်လည်ထိုးသတ်မည့်ပွဲစဉ်ဖြစ်သည်။

ဝက်ဒ်လေက "ဒူဘွိုက်စ်ဟာ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ သူနဲ့ ထိုးသတ်သွားဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော့်ထက်အတွေ့အကြုံ သာလွန်တယ်ဆိုပေမဲ့လဲ ကျွန်တော်ကတော့ သူ့ကို ရင်ဆိုင်သွားဖို့အတွက် တွန့်ဆုတ်နေမှာ မဟုတ်ပါဘူး။ သူ့ရဲ့အားပါပြင်းထန်တဲ့ လက်သီးချက်တွေကို ကာကွယ်သွားနိုင်ပါ့မလားဆိုပြီး စိတ်စနိုးစနောင့်ဖြစ်နေတာလဲမရှိပါဘူး။ စိန်ခေါ်ပွဲအတွက် အစစအရာရာ အဆင်သင့်ဖြစ်နေပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# ယူရိုယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ပြင်သစ်အသင်းက ပိုလန်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရ

**ပဲရစ် မေ ၅**

ယူရိုယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ပိုလန်အသင်းတို့ကစား ခဲ့ရာ ပြင်သစ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပြင်သစ်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၁၈ မိနစ်တွင် မိုတီကာက ပင်နယ်တီမှ တစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် အဒီဒီနီ၊ ပွဲချိန် ၄၁မိနစ်တွင် ဒါလူအင်၊ ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုတစ်မိနစ် တွင် ပရီဇီလင်းတို့က ပြင်သစ်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ပြင်သစ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ပြင်သစ်အသင်းကပင် ဆက်လက်ဖိအားပေးကစားခဲ့ကာ ပိုလန်အသင်းက ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်တွင် သောမက်က ပြင်သစ်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ပြင်သစ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယူရိုယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(B) အုပ်စုဒုတိယပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် စပိန်အသင်း၊ ပိုလန်အသင်းနှင့် ဖင်လန်အသင်းတို့ ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုအတွက် ရေပန်းစားမှုတွင် ချဲလ်ဆီးအသင်းမှ ဂျာအိုပက်ဒရို၏ သွင်းဂိုးပါဝင်လာ

**လန်ဒန် မေ ၅**

၂၀၂၆ ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုအတွက် ရေပန်းစားမှုတွင် ချဲလ်ဆီးအသင်းမှ တိုက်စစ်ကစားသမား ဂျာအိုပက်ဒရို၏ နော်တင်ဟမ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်မှ သွင်းဂိုးပါဝင်လာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၅)အဖြစ်ကစားခဲ့သည့် နော်တင်ဟမ်အသင်းက ချဲလ်ဆီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဂျာအိုပက်ဒရိုသည် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုသုံးမိနစ်တွင် အသင်းဖော်ကူကူရယ်လာ ခေါင်းတိုက်ပေးပို့သည့် ဘောလုံးကို နော်တင်ဟမ်အသင်း ဂိုးဧရိယာအတွင်း ဂိုးပေါက်ကိုကျောပေးပြီး ဖြစ်နိုင်ခြေနည်းသည့် အနေအထားမှ ရင်ဘက်ဖြင့် တစ်ချက်ထိန်းကာ မြေမကျနောက်ပြန်ကန်ချက်ဖြင့် အသင်းအတွက် ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာအိုပက်ဒရို၏ မြေမကျနောက်ပြန်ကန်ချက် သွင်းဂိုးသည် အားပါခဲ့ပြီး နော်တင်ဟမ်အသင်းဂိုးသမားဆီးလက် ကာကွယ်နိုင်ခြင်းမရှိခဲ့ဘဲ လှပသည့်သွင်းဂိုးတစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဂျာအိုပက်ဒရိုသည် အဆိုပါသွင်းဂိုးဖြင့် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး သွင်းဂိုးဆုအတွက် ဆန်ခါတင်စာရင်းတွင်ပါဝင်ရန် ရေပန်းစားလာခဲ့သကဲ့သို့ ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆုအတွက်လည်း ရေပန်းစားလာခဲ့သည်။

ဂျာအိုပက်ဒရိုသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားထားပြီး သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ရွှေလက်အိတ်ဆုကို ပြိုင်ပွဲမပြီးဆုံးမီ အာဆင်နယ်အသင်း ဂိုးသမား ရာယာ သုံးနှစ်ဆက်ဆွတ်ခူး

**လန်ဒန် မေ ၅**

အာဆင်နယ်အသင်းဂိုးသမား ရာယာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ရွှေလက်အိတ်ဆုကို ပြိုင်ပွဲမပြီးဆုံးမီ သုံးနှစ်ဆက်ဆွတ်ခူးနိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ရွှေလက်အိတ်ဆုကို ပြိုင်ပွဲကာလတစ်လျှောက် ဂိုးမပေးရသည့်ပွဲအများဆုံးဂိုးသမားကို ပေးအပ်ခြင်းဖြစ်ပြီး ရာယာသည် ပြိုင်ပွဲမပြီးဆုံးမီ ပြိုင်ဘက်အသင်းဂိုးသမားများထက် ဂိုးမပေးရသည့်ပွဲအရေအတွက် အသာစီးရရှိနေသည့်အတွက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးမပေးရသည့်ပွဲအများဆုံး ဂိုးသမားစာရင်း၌ ရာယာက ၃၅ ပွဲကစားပြီးချိန်တွင် ၁၇ ပွဲဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး မန်စီးတီးအသင်းမှ ဂိုးသမား ဒွန်နာရမ်မာသည် ၃၁ ပွဲကစားပြီးချိန်တွင် ၁၃ ပွဲဖြင့် ဖိအားပေးနေခြင်းဖြစ်သည်။

သို့သော် ဒွန်နာရမ်မာသည် ပွဲစဉ်လေးပွဲကစားရန် ကျန်ရှိနေပြီး လေးပွဲလုံးဂိုးမပေးရအောင် စွမ်းဆောင်နိုင်မှသာ ရာယာနှင့်ပူးတွဲ ရွှေလက်အိတ်ဆု ရရှိမည်ဖြစ်ပြီး ဒွန်နာရမ်မာအနေဖြင့် လက်ကျန်လေးပွဲတွင် တစ်ပွဲဂိုးပေးရမည်ဆိုပါက ရာယာ တစ်ဦးတည်းသာ ရွှေလက်အိတ်ဆုကိုရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထိုင်းနိုင်ငံတွင်သွားရောက်လေ့ကျင့်မည့် ကစားသမား ခြောက်ဦးရွေးချယ်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးကျင်းပပြီး AYA Bank က အဓိကပံ့ပိုးကူညီထားသည့် MFF Summer Football Skills Course 2026 အစီအစဉ်အရ ထိုင်းနိုင်ငံတွင် သွားရောက်လေ့ကျင့်မည့် ကစားသမား ခြောက်ဦးကို အပြီးသတ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်ကစားသမား ခြောက်ဦးသည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် Score With Spurs (AIA Coaching Clinic 2026) အစီအစဉ်အတွက် ပြုလုပ်ခဲ့သော လူတွေ့စစ်ဆေးပွဲတွင် အောင်မြင်ခဲ့သည့် အပြီးသတ် ခြောက်ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ ခြောက်ဦးသည် AIA Myanmar က စီစဉ်ပို့ဆောင်ပေးမည့် ထိုင်းနိုင်ငံရှိ AIA-Spurs Football Camp တွင် ခြောက်ရက်ကြာ လေ့ကျင့်သင်ကြားမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ ရွေးချယ်ခံခဲ့ရသည့် ကစားသမား ခြောက်ဦးစာရင်းတွင် ခန့်ညီညီလင်း၊ ဇေရဲပိုင်၊ ပြည့်ဖြိုးဇော်၊ ဖုန်းပြည့်လျှံ၊ မြနှင်းချို၊ ယွန်းယွန်းတို့ပါဝင်ခဲ့ကြသည်။

ရွေးချယ်ခံရသည့် အဆိုပါ လူငယ် ကစားသမားများသည် AIA-Spurs Football Camp တွင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် စပါးအသင်း၏ နည်းပြအဖွဲ့ဝင်များထံမှ နိုင်ငံတကာအဆင့်ဘောလုံးနည်းစနစ်များကို တိုက်ရိုက်သင်ကြားလေ့ကျင့်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်Textron Systems ကုမ္ပဏီနှင့် Howe & Howe Inc ကုမ္ပဏီတို့က အဝေးထိန်းစက်ရုပ်ယာဉ်ကို ထုတ်ဖော်ပြသ



အမေရိကန် Textron Systems ကုမ္ပဏီနှင့် Howe & Howe Inc ကုမ္ပဏီတို့သည် လေပေါ်ပျံဝဲ တိုက်ခိုက်ရေးလက်နက်များကို ပစ်ခတ်နိုင်စွမ်းရှိသည့် RIPSAW M1 အမည်ရ အဝေးထိန်းစက်ရုပ်ယာဉ်ကို ထုတ်ဖော်ပြသလိုက်ကြောင်း Next Gen Defense သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ အဝေးထိန်းစက်ရုပ်ယာဉ်သည် စစ်သည်များ အန္တရာယ်ဇုန်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်ရန် မလိုဘဲ ရန်သူကို အဝေးမှနေ၍ ထိရောက်စွာ ချေမှုန်းနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

အဝေးထိန်းစက်ရုပ်ယာဉ်ကို ခေတ်မီစစ်လက်နက်များတွင် အသုံးပြုသည့် Modular Open Systems Approach (MOSA) ပုံစံဖြင့် တည်ဆောက်ထားသောကြောင့် နောက်ပိုင်းတွင် လိုအပ်သလို အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် အလွန်လွယ်ကူသည်။ ၎င်း၏ အဓိကတာဝန်များတွင် ရန်သူ့ဒရုန်းများကို တိုက်ရိုက်ပစ်ခတ်ဖျက်ဆီးခြင်း၊ ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းနှင့် ပစ်မှတ်ရှာဖွေခြင်းတို့ပါဝင်သည်။ ယခုကဲ့သို့ အဝေးထိန်းစက်ရုပ်ယာဉ်များကို အသုံးပြုခြင်းဖြင့် တန်ဖိုးကြီးမားပြီး လေးလံသောမြေပြင်တိုက်ခိုက်ရေးယာဉ်များ၏ စွန့်စားရမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဝေးထိန်းစက်ရုပ်ယာဉ်တွင် DAMOCLES ဒုံးကျည်လွှတ်တင်စနစ်ကို တပ်ဆင်ထားပြီး အမေရိကန်မရိန်းတပ်ဖွဲ့၏ ကမ်းရိုးတန်းစစ်ဆင်ရေးများနှင့် လူမဲ့-လူပါ ပေါင်းစပ်စစ်ဆင်ရေး နည်းဗျူဟာများတွင် အသုံးပြုသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ အဝေးထိန်းစက်ရုပ်ယာဉ်သည် မြေပြင်၊ ရေပြင်နှင့် လေကြောင်းဆိုင်ရာ ကိုယ်ပိုင်မောင်းနှင်မှုစနစ်များတွင် ရရှိထားသည့်အတွေ့အကြုံများကို အခြေခံထားခြင်းဖြစ်သည်။ ယာဉ်၏ အရွယ်အစား၊ အလေးချိန်နှင့် စွမ်းအင်လိုအပ်ချက်များကို လိုအပ်သလိုချိန်ညှိနိုင်စွမ်းရှိသော်လည်း တူညီသောစက်ရုပ်နည်းပညာအခြေခံကိုသာ အသုံးပြုထားသောကြောင့် စစ်မြေပြင်တွင် သယ်ယူပို့ဆောင်ရေးနှင့် လျင်မြန်စွာလှုပ်ရှားနိုင်မှုတို့၌ ထူးကဲသောစွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

RIPSAW M1 အဝေးထိန်းစက်ရုပ်ယာဉ်သည် အလေးချိန် ပေါင် ၄၃၀၀ ရှိပြီး အလျား ၁၀ ဒသမ ၅ ပေ ရှည်လျားကာ ပေါင် ၂၀၀၀ ထိ လေးလံသောလက်နက်ခဲယမ်းနှင့် အာရုံခံကိရိယာများကို သယ်ဆောင်နိုင်သည်။ ၎င်း၏ အမြင့်ဆုံးအရှိန်မှာ တစ်နာရီလျှင် ၅၃ မိုင်ထိ မောင်းနှင်နိုင်ပြီး ကြမ်းတမ်းသောမြေပြင်များတွင် တစ်နာရီလျှင် မိုင် ၂၀ နှုန်းဖြင့် သွားလာနိုင်သည်။

ဤစက်ရုပ်ယာဉ်၏ အဓိကထူးခြားချက်မှာ Silent Electric Mode အသုံးပြု၍ အင်ဂျင်ဆူညံသံမထွက်ဘဲ မိုင် ၃၀ ထိ သွားလာနိုင်ခြင်းဖြစ်သည်။ အဆိုပါနည်းပညာသည် ရန်သူ့ထံမှ ထောက်လှမ်းမှုကို လျှော့ချပေးနိုင်ပြီး လျှို့ဝှက်စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင် အလွန်ထိရောက်စေသည်။ ၎င်း၏ ကိုယ်ထည်ဒီဇိုင်းမှာ ပြန့်ပြူးသောပုံစံဖြစ်သောကြောင့် စစ်ဆင်ရေးလိုအပ်ချက်အပေါ်မူတည်၍ အာရုံခံကိရိယာများ၊ ဒုံးကျည်လွှတ်တင်စနစ်များ၊ ထောက်ပံ့ပို့ဆောင်ရေးပစ္စည်းများနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို လျင်မြန်စွာ လဲလှယ်တပ်ဆင်နိုင်ကြောင်း သိရသည်။

**Textron Launches UGV That Can Fire Loitering Munitions** ကို ဘာသာပြန်ဆိုထားပါသည်။

## အိန္ဒိယနိုင်ငံက AI နည်းပညာသုံး အဆင့်မြင့်ရေဒါစနစ်သစ်ကို စတင်တီထွင်နေပြီဖြစ်

အိန္ဒိယနိုင်ငံသည် အသံထက်ငါးဆမြန်သော ဟိုက်ပါဆောနစ် ဒုံးကျည်များကို ထောက်လှမ်းနိုင်မည့် AI နည်းပညာသုံး အဆင့်မြင့် ရေဒါစနစ်သစ်ကို စတင်တီထွင်နေပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနက မေ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရေဒါစနစ်သည် L-band အသုံးပြု Active Electronically Scanned Array (AESA)နည်းပညာကို အခြေခံထားပြီး ဉာဏ်ရည်တု (AI) စနစ်ကို ပေါင်းစပ်အသုံးချကာ အလွန်မြန်ဆန်သော ပစ်မှတ်များကို တိကျစွာဖမ်းယူနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ဟိုက်ပါဆောနစ် ဒုံးကျည်များကို ထောက်လှမ်းရာတွင် အဓိကကြုံတွေ့ရလေ့ရှိသည့်အခက်အခဲမှာ ဒုံးကျည်၏ အလွန်အမင်းမြန်ဆန်သော အရှိန်ကြောင့် ၎င်း၏ ပတ်ဝန်းကျင်တွင် Plasma Layer ဟုခေါ်သော လျှပ်စစ်ဓာတ်ဆောင် အလွှာတစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါအရှိန်ကြောင့် လေထု၏ ဖိသိပ်မှုဒဏ်ပြင်းထန်လာကာ ဒုံးကျည်ပတ်လည်ရှိ လေထုမှာ အလွန်ပူပြင်းသော လျှပ်စစ်ဓာတ်ဆောင် ဓာတ်ငွေ့အဖြစ်သို့ ပြောင်းလဲသွားပြီး ပလာစမာအကာအကွယ်အလွှာတစ်ခုကို ဖန်တီးလိုက်ခြင်းဖြစ်သည်။ အဆိုပါအလွှာသည် ပုံမှန်ရေဒါလှိုင်းများကို အနှောင့်အယှက်ပေးကာ ခြေရာခံရန် ခက်ခဲစေသော်လည်း အိန္ဒိယ၏ ရေဒါစနစ်သစ်မှာမူ ထိုအတားအဆီးကို ကျော်လွှားနိုင်ရန်အတွက် AIနှင့် အဆင့်မြင့်လှိုင်းခွင်များကို ပေါင်းစပ်အသုံးချရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ဟိုက်ပါဆောနစ် ဒုံးကျည်များ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လေ့ရှိသည့် ပလာစမာအလွှာသည် ပြောင်းလဲနေသော လျှပ်စစ်သံလိုက် ဒိုင်းလွှားတစ်ခုကဲ့သို့ လုပ်ဆောင်ပြီး ရေဒါလှိုင်းများကို အနှောင့်အယှက်ပေးလေ့ရှိသည်။ အထူးသဖြင့် ကြိမ်နှုန်းမြင့် လှိုင်းခွင်များဖြစ်သော X-band နှင့် S-band ရေဒါစနစ်များသည် အဆိုပါပလာစမာအလွှာကြောင့် ပစ်မှတ်ကိုခြေရာခံရာတွင် လွဲချော်ခြင်း သို့မဟုတ် မှားယွင်းသော အချက်ပြမှုများကိုသာ ဖော်ပြခြင်းတို့ ဖြစ်ပေါ်စေကြောင်း သိရသည်။



အိန္ဒိယ၏ ရေဒါစနစ်သစ်တွင် ပလာစမာအလွှာ၏ အကျိုးသက်ရောက်မှုများနှင့် ဒုံးကျည်၏ ကိုယ်ထည်အစစ်အမှန်ကို တိကျစွာခွဲခြားနိုင်ရန် Space-Time Adaptive Processing (STAP) နည်းပညာကို ထည့်သွင်းအသုံးပြုထားသည်။ အဆိုပါ နည်းပညာသည် လျှပ်စစ်သံလိုက်လှိုင်းများ ထူထပ်ရှုပ်ထွေးနေသည့်ပတ်ဝန်းကျင်မျိုးတွင် အချက်ပြမှုဆိုင်ရာ ဆူညံသံများကို စစ်ထုတ်ပေးပြီး ပစ်မှတ်ကိုသာ သီးသန့်ခွဲထုတ်ပေးနိုင်စွမ်းရှိသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် အနှောင့်အယှက်များပြားလှသည့် အခြေအနေမျိုးတွင်ပင် တိကျစွာခြေရာခံနိုင်မှုကို သိသိသာသာမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ဉာဏ်ရည်တု (AI) နှင့် စက်မှုသင်ကြားခြင်းစနစ်များကို အသုံးပြု၍ ရေဒါ၏ကြိမ်နှုန်းလှိုင်းခွင်များ၊ လှိုင်းပုံသဏ္ဌာန်နှင့် ရှာဖွေမှုပုံစံတို့ကို အချိန်နှင့်တစ်ပြေးညီ အလိုအလျောက်ညှိနှိုင်းပေးသည်။ ဤစနစ်ကြောင့် ဒုံးကျည်၏အရှိန်၊ အမြင့်နှင့် ပလာစမာဝိသေသလက္ခဏာများ ပျံသန်းမှုအတွင်း အဆက်မပြတ်ပြောင်းလဲနေသော်လည်း ရေဒါက လိုက်လျောညီထွေစွာ ပြောင်းလဲခြေရာခံနိုင်ခြင်းဖြစ်သည်။ အဆိုပါအဆင့်မြင့်ရေဒါတီထွင် ထုတ်လုပ်မှုလုပ်ငန်းကို အိန္ဒိယ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (DRDO)နှင့် လျှပ်စစ်နှင့် ရေဒါဖွံ့ဖြိုးရေးဌာန (LRDE) တို့က ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**India Develops AI-Enabled Radar to Spot Hypersonic Missile at Mach 5** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# တမ်းတမ်းတတ ခေတ်ဟောင်းတေးည တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်မည်




**ရန်ကုန် မေ ၅**

တေးသံရှင် စိုးပိုင်၊ ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ တမ်းတမ်းတတ ခေတ်ဟောင်းတေးည တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ မေ ၂၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ခင်မောင်ထူးထံမှ သိရသည်။

တမ်းတမ်းတတ ခေတ်ဟောင်းတေးည တေးဂီတဖျော်ဖြေပွဲတွင် ဂန္ထဝင်တေးသံရှင်ကြီးသုံးဦး၏ တေးဂီတဖျော်ဖြေမှုများကို Rock Star Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မေ ၂၃ ရက်မှာThe Square ကနေ ခေတ်ဟောင်းကိုပြန်အမှတ်ရစေမဲ့ တမ်းတမ်းတတ ခေတ်ဟောင်းတေးည တေးဂီတဖျော်ဖြေပွဲမှာ ခေတ်ဟောင်းကနေ ခေတ်သစ်ထိတိုင် ပရိသတ်တွေကြားမှာ နေရာယူထားဆဲဖြစ်တဲ့ ကိုစိုးပိုင်၊ ကိုဘိုဘိုဟန်နဲ့ ကျွန်တော့်ရဲ့ တေးသီချင်းတွေကို တဝကြီး တင်ဆက်သွားဖို့ရှိပါတယ်။ တစ်ခေတ်တစ်ခါကနေ အခုထိ ပရိသတ်တွေရင်ထဲမှာ နေရာယူဆဲဖြစ်တဲ့ အကောင်းဆုံးတေးသွားတွေကို ပြန်လည်နားဆင်ခံစားရင်း အတိတ်ဟောင်းက အမှတ်တရအချိန်တွေကို တမ်းတဖို့အတွက် The Square ကို အရောက်လာခဲ့လိုက်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။

တေးသံရှင် စိုးပိုင်၊ ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ တမ်းတမ်းတတ ခေတ်ဟောင်းတေးည တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် လာမည့်မေ ၂၃ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကားကို မေလဒုတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် မေ ၅**

3H Art Film Production က ရိုက်ကူးထုတ်လုပ်သည့် ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကားကို မေလဒုတိယပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

အဆိုပါ ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ချမ်းလူက ရေးသားထားပြီး 3H Art Film Production အတွက် ၎င်းကပင် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။




"ဒီဇာတ်ကားက ပုံမှန်ရိုးမန့်တစ် ဒရာမာတွေထက် ပိုပြီးထူးခြားတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားပါ။ ဒရာမာထဲမှာမှ ပရိသတ်တွေ စိတ်ဝင်စားမဲ့ အက်ရှင်ဆန်ဆန်လေးတွေ၊ သည်းထိတ်ရင်ဖို ဆန်ဆန်လေးတွေ ထည့်ထားပါတယ်။ ရုံတင်တဲ့အခါ အားပေးကြပါအုံး" ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အဆိုပါ ကိုယ့်အတ္တနှင့်ကိုယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ကျော်ထက်အောင်၊ ညီနန္ဒ၊ ဇင်မျိုး၊ ခင်ဝင့်ဝါ၊ ခင်မို့မို့အေး၊ တင်ဇာဝင်းပြည့်၊ သာသာ၊ ဧည့်သည်သရုပ်ဆောင် ဆက်ယွန်းတွယ်တာနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# တေးရေးတေးဆို လင်းထွဋ်၏ စိတ်နာတယ် တတိယမြောက် မီနီတေးအယ်လ်ဘမ် ထွက်ရှိလာ

**ရန်ကုန် မေ ၅**

တေးရေးတေးဆို လင်းထွဋ်၏ စိတ်နာတယ် တတိယမြောက် မီနီတေးအယ်လ်ဘမ် ယနေ့တွင် ထွက်ရှိလာကြောင်း တေးရေးတေးဆို လင်းထွဋ်ထံမှ သိရသည်။

အဆိုပါ စိတ်နာတယ် မီနီတေးအယ်လ်ဘမ်ကို တေးရေးတေးဆိုလင်းထွဋ်၏ ကိုယ်ပိုင်သံစဉ် တေးသီချင်းများဖြစ်သည့် စိတ်နာတယ်၊ မင်းထားခဲ့တာပဲ၊ My Heart၊ မြည်းတယ် စသည့် တေးသီချင်းငါးပုဒ် ပါဝင်ထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဖုံးတစ်လုံးလိုပဲဆိုတဲ့ Title ပေးခဲ့တယ်။ ဒါပေမဲ့ သီချင်းခေါင်းစဉ်က သိပ်အဆင်မပြေလို့ နာမည်လေးကို စိတ်နာတယ် ပြောင်းထားပါတယ်။ ကောင်မကလေးကို ချစ်တာလဲ နင်ပဲ။ မုန်းတာလဲ နင်ပဲ။ မေ့တာလဲ နင်ပဲဆိုပြီးတော့ စိတ်နာတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒီ Title လေးကို ပေးထားတာပါ"ဟု တေးရေးတေးဆို လင်းထွဋ်က ပြောပြသည်။

တေးရေးတေးဆို လင်းထွဋ်သည် ကိုယ်ပိုင်သံစဉ် တေးသီချင်းများပါဝင်သည့် အရိပ်မဲ့ဖမ်းစားခြင်း (၁၉၉၇)၊ ဝေးသွားခြင်းရဲ့ဒိုင်ယာရီ (၂၀၀၀) တို့ ထွက်ရှိပြီးဖြစ်ကာ လတ်တလောအနေဖြင့် ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများအတွက် ဇာတ်ဝင်တေးသီချင်းများကိုလည်း ရေးသားလျက်ရှိကြောင်း သိရသည်။

ASH

# The Blair Witch Project (1999) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးရန် စီစဉ်ထား

**နယူးယောက် မေ ၅**

The Blair Witch Project (1999) ထိတ်လန့်သည်းဖို ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

The Blair Witch Project ဇာတ်ကားသစ်ကို ဒါရိုက်တာဒီလန်ကလာ့က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ခရစ်သောမတ်က ရေးသားပေးထားကြောင်း သိရသည်။

မူလ The Blair Witch Project ဇာတ်ကားမှ သရုပ်ဆောင်များဖြစ်ကြသည့် မင်းသားဂျိုရှူဝါလီယိုနက်နှင့် မိုက်ကယ်စီဝီလျံတို့မှာ Lion-sgate ၏ ဇာတ်ကားသစ်၌ ထုတ်လုပ်သူများအဖြစ် ပြန်လည်ပါဝင်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Blair Witch Project ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Lionsgate ကုမ္ပဏီက စိစစ်ရွေးချယ်နေဆဲ ဖြစ်ကြောင်း သိရသည်။

မူလ The Blair Witch Proj-ect ဇာတ်ကားကို ဒါရိုက်တာအက်ဝါဒိုဆန်းချက်နှင့် ဒန်နီယယ်မိုင်းရစ်တို့က တာဝန်ယူရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# A Waiter in Paris ဇာတ်ကား၌ လီယိုဝုဒဲနှင့်ကလီမင့်ပိုဆေးတို့ ပါဝင်မည်

**နယူးယောက် မေ ၅**

Cornerstone ရုပ်ရှင်ကုမ္ပဏီ၏ A Waiter in Paris ရုပ်ရှင်ဇာတ်ကား၌ မင်းသားလီယိုဝုဒဲနှင့် မင်းသမီး ကလီမင့်ပိုဆေးတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

A Waiter in Paris ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာအက်ဝပ်ချီဟုမ်း၏ ခေါင်းစဉ်အမည်တူ ကိုယ်တွေ့ မှတ်တမ်းစာအုပ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

A Waiter in Paris ဇာတ်ကားကို ဒါရိုက်တာ ပီတာဟိုးဝါးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး A Waiter in Paris ဇာတ်ကားသည် နာမည်ကျော်ရုပ်ရှင်ဇာတ်လမ်း ဒါရိုက်တာ ပီတာဟိုးဝါးအတွက် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘင်ဟော့ကင်းက တာဝန်ယူရေးသားပေးထားသည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်မည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# President of the Republic of Union of Myanmar U Min Aung Hlaing gives guidance to outstanding students for academic year 2025-2026

## Although not every youth will be able to lead a country, all youths are human resources that will shape the future nation



President U Min Aung Hlaing gives guidance to outstanding students for academic year 2025-2026.

**Nay Pyi Taw May 5**

A ceremony to seek guidance from President of the Republic of Union of Myanmar U Min Aung Hlaing by the outstanding students for academic year 2025-2026 took place at Naypyitaw State Academy here this morning, addressed by President U Min Aung Hlaing.

Also present were Vice President Daw Nang Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Deputy Commander-in-Chief of DefenceServices General Kyaw Swa Lin, union ministers, union level dignitaries, the Nay Pyi Taw Council chair, senior military officers from Office of the Commander-in-Chief, deputy ministers, the Nay Pyi Taw Command commander, deputy ministers, officials of the Ministry of Education, teachers from basic education schools, marine youths and aviation youths.

The President arrived at the Naypyitaw State Academy and was heartily welcomed by officials, outstanding students, marine youths and aviation youths.

The President formally opened the program “Proficient Ones of the New State” by pushing a button.

The President and attendees looked around the ministry-wise booths at the ceremony with keen interest.

At the second part of the ceremony, the President and attendees paid respects to the Flag of the Republic of Union of Myanmar.

Artistes from the Ministry of Hotels and Tourism and Fine Arts Department of the Ministry of Culture staged the song “Eternal Wisdom”.

The President and attendees watched a video clip on “From the Outstanding Students to the Developing Future”.

In his address, the President stated that it is a pleasure and an honor to address these outstanding students—the future pillars of the nation—at a time when the journey toward a new democratic state has begun. He noted that he would provide necessary guidance, as the efficiency and involvement of virtuous, talented, and brilliant individuals are of vital importance.

An outstanding person is one who possesses efficiency, intelligence, exceptional character, and high talent. Outstanding students are those imbued with these very qualities. In this regard, you truly deserve the title of “Outstanding.” Having already earned a reputation for excellence, you are now poised to become the new generation that will shape the future of the nation.

Outstanding students are not only brilliant in their academic studies; they are also those who have successfully passed every stage of evaluation, including assessments of physical fitness, morale, discipline, zeal, perseverance, and intellectual ability. Having reached your goals through steadfastness and success, you have brought honor to your families, schools, and regions. Therefore, today’s ceremony is held to honor you as students who deserve to be role models for the nation and the public.

To achieve development, a nation must be built upon healthy, fit, and capable youth. While not every young person will lead the country, all youth serve as the human resources that will shape the nation's future. The State is prioritizing the youth and education sectors with the utmost seriousness to cultivate brilliantly educated individuals who uphold high moral standards and possess the Five Strengths.



President U Min Aung Hlaing present commemorative flags for Luyeechon camps in 2026.

He stated that since the youth are the future of the nation and its primary strength, it is essential for them to be well-versed in knowledge and skills, while also possessing patriotism and a desire to serve the interests of the public and the country. He further emphasized that it is necessary for them to value and safeguard national prestige, integrity, the noble traditions and customs of the country, its history, its natural landscapes, and its natural resources.

Also, he stated that in order to ensure that love for the country and a desire to protect and safeguard it remain eternally in the hearts of the youth, young people have been trained and nurtured in various fields for many years through programs such as maritime youth, aviation youth, scouts, and outstanding students. He further noted that although these activities could not be carried out in some years due to various reasons, emphasis is now being placed on improving the morale, discipline, and capabilities of the youth.

Then, he stated that the Outstanding Students Project aims to nurture healthy, morally upright, and brilliant young intellectuals who possess the "Five Strengths" and are capable of contributingto the nation's interests through practical educational development. He explained that the project encourages students to emulate those selected as outstanding, fostering a desire to strive for excellence, healthy competition, and a spirit of comprehensive learning. He added that this noble initiative has evolved over decades into a prestigious educational tradition for producing valuable human resources. He noted that former outstanding students are now serving in high-ranking state positions or



President U Min Aung Hlaing visits an exhibition booth.

See Page 13

# Vice-President U Nyo Saw delivers speech at the ceremony to mark the 80th Anniversary of Myanmar Fire Brigade Day




Vice-President U Nyo Saw presents an honorary cash award.

**Nay Pyi Taw May 5**

Vice-President of the Republic of the Union of Myanmar U Nyo Saw attended and delivered a speech at the ceremony to mark the 80th Anniversary of Myanmar Fire Brigade Day held at the Myanmar International Convention Centre I (MICC I) in Nay Pyi Taw this morning.

Also present at the ceremony were Union ministers, Union-level dignitaries, deputy ministers, the Chairman of the Myanmar War Veterans Organization and officials, senior military officers, departmental heads, officers and members of Myanmar Fire Brigade Headquarters, retired senior fire officers, officials from social organizations, representatives from premanent, auxiliary and separate fire brigades from regions and states, outstanding fire brigade members and guests.

At the outset, the Vice-President delivered a speech. He said: Today marks a special occasion for the 80th Anniversary of Myanmar Fire Brigade Day, which has stood throughout successive eras with a strong historical legacy, protecting the lives, homes, and property of ethnic national people from fire hazards and various other dangers. It is hereby recognized and honoured that whenever the nation has faced disasters, the Fire Brigade has not only carried out fire prevention duties but has also made utmost efforts, even at the risk of life, in rescue and recovery operations.

The Fire Brigade, in accordance with the guidance of the Ministry of Home Affairs, is implementing four major objectives. Firefighting duties are tasks that require immediate and timely emergency response and action. In today's context, the Fire Brigade is not limited to firefighting alone; in addition to search and rescue operations, it must also promptly carry out public service functions such as disaster management and emergency medical response. Therefore, the duties carried out by the Fire Brigade cannot be fully accomplished through its own efforts alone; they can become stronger and more effective only with the cooperation and participation of the public.

With regard to natural disaster incidents, in disaster-affected areas, under the management of the Government, fire brigade members, together with the Tatmadaw, the Myanmar Police Force, other relevant departments, and social organizations, have been able to cooperate and coordinate effectively and promptly in responding to every disaster encountered. Lessons have been drawn from the Mandalay earthquake incident, and the State has already granted approval to establish two Urban Search and Rescue (USAR) Medium Teams in line with international standards. Continuous training and preparation must be carried out to further enhance the operational capacity of fire service personnel. It is also a matter of great satisfaction that fire service members have won medals in international skill competitions, thereby bringing honour to the nation, and it is strongly urged that such good traditions be continued and maintained.

The future Fire Brigade needs to continue standing as an organization with a stronger structure, higher capabilities, and the ability to keep pace with international standards. Therefore, all fire service personnel must maintain discipline and continuous training, while striving to improve their individual qualities, and must continue to perform their duties with a high sense of responsibility as good public servants. He stated that, since fire service members carry out rescue operations by risking their own lives and bodies, the dignity of those who have sacrificed and served across generations should be respected and honoured. Efforts must be made to continuously build the Fire Brigade into a strong and reliable force trusted by the public, one that can protect the lives, homes, and property of the people for many years to come.

The Vice-President presented honorary awards to renowned vocalist U Tun Shwe who sings the song titled "Beware of Fire", former auxiliary and permanent fire brigade members above 90 years old Fire Sergeant U Tun Kyi and U Thaung Myint, Deputy Commanding Officer (Retd) of Auxiliary Fire Brigade and Deputy Fire Staff Officer (Retd) U Tin Nyunt.

Union Minister for Home Affairs Lt-Gen Nyunt Win Swe presented a commemorative gift to the Vice-President. The Union minister awarded in Ye Bala medallists.

The Vice-Pesident watched a documentary video clip on the celebration of the 80th Anniversary of Myanmar Fire Brigade Day. He viewed round documentary photos, ancient fire extinguishers, modern emergency response communication facilities, modern equipment for fire extinguishing, devices for search and rescue operations is played at the hall, fire engines and machines used in the successive eras displayed in front of the centre, and observed the search dog demonstration. 100

---

*From Page 12*

contributing to their respective professional fields and organizations, as the students are aware. He also shared, with pride, that there are twelve former outstanding students currently serving within the various government bodies.

He stated that the state was able to select 478 outstanding students in 2023, 554 in 2024, and 728 in 2025.

He then stated that in the basic education sector this year, 96 outstanding students were selected from Grade 9, 132 from Grade 10, 133 from Grade 11, and 99 from Grade 12, while in the higher education sector, 148 first-year and 143 second-year outstanding students were chosen, making a total of 751 outstanding students. Among these 751 students, there are 2 five-time winners, 31 four-time winners, 68 three-time winners, 196 two-time winners, and 454 first-time awardees.

He further expressed his recognition of the Ministry of Education for its efforts in consistently nurturing these brilliant students and for laying the foundation to strengthen the "Knowledge Infrastructure" required by the nation.

He also stated that in recognition of the excellence and efforts of this year's outstanding students, the government will send Grade 9 students to the PyinOoLwin camp, Grade 10 students to the Inle camp, Grade 11 students to the Ngwehsaung camp, Grade 12 students to the Nay Pyi Taw camp, and first-year and second-year university students to the Chaungtha camp.

He added that since this trip is a state-level honor earned through their own hard work, talent, and capabilities, he wants them to take pride in and value their participation. He further noted that throughout the journey, parents, the public, and officials will provide the outstanding students with a fitting and honorable welcome.

Moreover, the youth will have an opportunity to share knowledge with their peers from respective regions and seek regional knowledge during the trip. It also provides better experience as the youth will gain the ability to cooperate in team work, live harmoniously with others and build mutual understanding, trust and friendship.

You all are required to exert efforts to enhance the behaviour and actions to meet the image and standards of title "Luyeechon." It is also necessary for you to try to live by striking a balance between selfishness and philanthropic mindset and seek ways and means to catch up with the development of the times and system while preserving Myanmar principles, Myanmar styles and Myanmar traditions. You are also required to abide by ethical principles that should be nurtured since youthhood such as ethical rules for offspring and pupils and to pay respects to parents and teachers and to nurture fundamental mindsets such as sympathy and tolerance in accordance with religious teachings. You are also urged to exert efforts to be role models for many others.

To overcome the challenges of the 21st Century knowledge age, you are required to be filled with the ability to do life-long learning. Therefore, you must read books for life-long self-learning, practical knowledge and wisdom. You are urged to consistently nurture the habit of reading books in accordance with the saying "Reading broadens your horizons; Knowledge enhances your wisdom; Practice makes perfect. It is high quality literature that makes you an outstanding person."

Furthermore, I would like to solemnly urge all to organize activities such as youth debates, literary talks, research paper reading sessions, knowledge sharing events and others that will enhance the all-round development and five strengths of youths in educational institutions like basic education school and universities.

To build our country into an all-round developed democracy union, we need a large number of outstanding human resources like intellectuals and experts. Therefore, all officials and citizens including parents and teachers are urged to consistently make concerted efforts in cooperation with the government for all-round development of the education sector in accordance with the motto "Let us ensure education sector for the development of the Nation."

In conclusion, the President urged all to perform duties that are appropriate for the title "Luyeechon," to contribute to the development of national interests by cooperating in any role assigned, to consistently exert efforts for Myanmar to stand tall as a modern and developed country in the international community and to make efforts for stability and development of the country through patriotism, the love for the country and unity.

Then, the President presented commemorative flags for respective Luyeechon camps in 2026 to Luyeechons, who presented commemorative gifts to the Presidents.

Afterward, Grade-12 student Maung Swan Thu Aung from No.5 Basic Education High School, Zabuthiri Township in Nay Pyi Taw Council Area spoke respectful words of thanks on behalf to Luyeechon students for the 2025-2026 academic year.

Then, artistic staff from Myanmar Radio and Television of the Ministry of Information sang the songs "Power of Luyeechon" and "Capabilities of Youths" together with Luyeechons.

Afterward, the President and attendees posed for documentary photographs with Luyeechons.Then, the President and party enjoyed the luncheon together with Luyeechons, marine youths and aviation youths.

After the luncheon, the President cordially greeted Luyeechons. 100

# Military columns retake control of Mawlu town, temporarily held by KIA and PDF-designated terrorist insurgents



Military columns retake Mawlu town, which had been temporarily controlled by joint terrorist insurgent groups.




The Mawlu town station hospital retaken.



The administration office and departmental buildings retaken



Local residents from villages welcome the military columns with victory flowers as they march to take control of Mawlu.

**Nay Pyi Taw May 5**

The military, in cooperation with local residents, has been conducting counter-terrorism operations in areas temporarily controlled by terrorist insurgents who are committing acts of violence, in order to restore national stability, peace, and development. As a result, it has been gradually regaining control. On April 30, it fully recaptured and secured Indaw town in Katha District, which had been temporarily held by terrorists. Today, it has further retaken control of Mawlu town in Indaw Township, which was also temporarily under the control of terrorist insurgents.

Mawlu town is located within Indaw Township, Katha District, situated 20 miles north of Indaw town. It lies along the Shwebo-Myitkyina road, a key inter-state route connecting Sagaing Region and Kachin State. This makes it a strategically important location for transportation and trade.

After the military columns recaptured and secured Indaw town, they continued clearing operations and expanding their foothold in the surrounding areas. To retake Mawlu town, they divided into columns and advanced strategically. On May 2, they recaptured Nar Ma Kyaing village, Pint Tin village, and Na Bar Gyi village between Indaw and Mawlu towns. On May 3, they recaptured Point 305 hill and Pin We new village. On May 4, they recaptured Tone Lone village and Hpar Pan village. Today, on May 5, military columns have fully retaken control of Si Pein village, Nar Hkwin Kyin village, and Mawlu town.

During clearing operations to fully regain control of Mawlu town and its surrounding areas, security forces engaged in clashes with terrorist insurgents. They recovered bodies, weapons, and also seized illegal fuel storage sites containing iron drums of fuel, plastic barrels, fuel tanks, and vehicles.

Local residents who had suffered severe oppression at the hands of the terrorist insurgents warmly welcomed the military columns advancing through the reclaimed areas, holding victory flowers and garlands along the entire route.

Military columns are currently conducting necessary area control operations in these regions and are accelerating security and control efforts to quickly reopen the Mawlu-Nant Si Aung road section. 100



Weapons, ammunition, and related materials seized from terrorist insurgent groups and their associates.



Seized barrels of fuel from illegal fuel storage sites operated by terrorist insurgents along the route during the advance to take Mawlu.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၅၁၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နေကြာ ၅၁၆၉ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိမှာတော့ နေကြာများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ၅၁၆၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်တင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးများဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်စတဲ့ငါးများကို ဝမ်းဗိုက်ခွဲပြီးရရှိတဲ့ စည်ဖောင်းများကို စနစ်တကျ သန့်စင် နေပူလှန်းအခြောက်ခံပြီး



ရရှိခြင်းဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ"ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များသည် တစ်ပိဿာချင်းဈေးနှုန်းမှာ ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀ မှ ၅၅၀၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သံတောင်ကြီးမြို့နယ် သစ်ခွတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံတောင်ကြီး မေ ၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ရက်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သစ်ခွတောင်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၂ ဒသမ ၅ သန်း အသုံးပြု၍ ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာနှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုသက်





# ဟသ်ာတမြို့နယ် ရေကြည်ကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**ဟသ်ာတ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဖားကျေးရွာအုပ်စု ရေကြည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြည်ကုန်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးအတွက် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြောပြ၍ သိရသည်။

ဇင်မာ

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ"အစီအစဉ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့် Naypyitaw State Academyသို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်မောင်မယ်များက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက "နိုင်ငံတော်သစ်၏ စွမ်းအားရှင်များ" အစီအစဉ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

၎င်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက "ထာဝရပညာ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် "လူရည်ချွန်မောင်မယ်များမှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ဆီသို့" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကားပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်လျှောက်လှမ်းသည့် အချိန်ကာလတွင် နိုင်ငံတော်က အားထားရသည့် လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်သည့်အခါတွင် မောင်တို့မယ်တို့ကဲ့သို့ လူတော်လူကောင်း၊ လူရည်ချွန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် ပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

လူရည်မွန်များ၏ စွမ်းအားနှင့် ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးသည့်အတွက် လိုအပ်သည်များ မှာကြားလိုကြောင်း။

**"လူရည်ချွန်"**ဆိုသည်မှာထူးချွန်ထက်မြက်သူ၊ အသိဉာဏ်ပညာပြည့်ဝသူ၊ အများထက်သာလွန်အောင် ကြိုးစားအားထုတ်နိုင်သူ၊ ပင်ကိုယ်စွမ်းရည်မြင့်မားသူများဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် ထိုသို့အရည်အချင်းများနှင့် ပြည့်စုံကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် **"လူရည်ချွန်"**ဆိုသည့် ဂုဏ်ဒြပ်ကို ထိုက်ထိုက်တန်တန် အပ်နှင်းခြင်းခံရပြီး ယခုအချိန်တွင် ဂုဏ်သတင်းကောင်းနှင့် ကျော်စောသည့်သူများဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ်လူငယ်များလည်း ဖြစ်ကြကြောင်း။

မောင်တို့မယ်တို့သည် စာပေဘာသာရပ်များကိုသာ ကျွမ်းကျင်ပိုင်နိုင်ခြင်းမဟုတ်ဘဲ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ တစိုက်မတ်မတ်လေ့ကျင့်မှုစသည့် ကာယ၊ ဉာဏစွမ်းအားများနှင့် စစ်ဆေးအကဲဖြတ်မှုအဆင့်ဆင့်ကို ယှဉ်ပြိုင်ကျော်ဖြတ်နိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ခဲ့သဖြင့် အောင်မြင်မှုများ ရရှိပြီး မိမိ မိသားစု၊ မိမိကျောင်း၊ မိမိဒေသအတွက် ဂုဏ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အများက

**လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာအတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်ဖြစ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့ နိုင်ငံ၏ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝ တောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်လည်း လိုအပ်...**

စံပြုထိုက်သည့် မောင်တို့မယ်တို့ကို ယခုကဲ့သို့အခမ်းအနားကျင်းပပြီး တွေ့ဆုံဂုဏ်ပြုရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့်လူငယ်များ၏အင်အားဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ လူငယ်တိုင်းသည် နိုင်ငံကို **ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ဗဟုသုတပြည့်စုံသည့် ပညာတတ်လူရည်ချွန်လူရည်မွန်များပေါ်ထွက်လာအောင် လူငယ်ကဏ္ဍနှင့် ပညာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**လူငယ်များသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည့်အတွက် အသိပညာအတတ်ပညာပြည့်ဝရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးကြရမည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ကောင်းမြတ်သည့်အစဉ်အလာနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတအရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်လည်း လိုအပ်ကြောင်း။**

နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ ထိန်းသိမ်းကာကွယ်လိုသည့်စိတ် လူငယ်ထုအတွင်း ထာဝရကိန်းအောင်းနေရန်အတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန်စသည်ဖြင့် လူငယ်လူရွယ်များကို နယ်ပယ်အစုံတွင် နှစ်ပေါင်းများစွာလေ့ကျင့်မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အချို့နှစ်များတွင် ဆောင်ရွက်နိုင်ခြင်းမပြုနိုင်ခဲ့သော်လည်း ယခုလူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည် အရည်အသွေးမြင့်မားရေးကို အလေးထား ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လူရည်ချွန်စီမံကိန်းဆိုသည်မှာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ ထူးချွန်ထက်မြက်ပြီး ဗဟုသုတပြည့်ဝသည့် လူကောင်းလူတော်များ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှ တစ်ဆင့်နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်များပေါ်ထွန်းလာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ကျောင်းသူအချင်းချင်း လူရည်ချွန်ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင် လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့်ကောင်းသောယှဉ်ပြိုင်မှုများနှင့် အဘက်ဘက်မှ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထိုသို့ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများမွေးထုတ်ပေးရာ အစဉ်အလာကောင်းသည့် ပညာရေးစီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ယခင်က လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသူများသည် ယခုအချိန်တွင် နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာ ထမ်းဆောင်နေကြသူများရှိသကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့်အဖွဲ့အစည်းများတွင်လည်း ပါဝင်အကျိုး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံဩဝါဒအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် လူရည်ချွန် စခန်းအလိုက် အထိမ်းအမှတ် အလံများကို လူရည်ချွန် မောင်မယ်များထံ ပေးအပ်စဉ်။

ပြုနေပြီကို မောင်တို့မယ်တို့ အသိပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အသီးသီးတို့၌ လူရည်ချွန်ရွေးချယ်ခံခဲ့ရသူ ၁၂ ဦး ပါဝင်ကြောင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူနိုင်ရေး အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် လူရည်ချွန် ၄၇၈ ဦး၊ ၂၀၂၄ ခုနှစ်တွင် လူရည်ချွန် ၅၅၄ ဦး၊ ၂၀၂၅ ခုနှစ်တွင် လူရည်ချွန် ၇၂၈ ဦး ရွေးချယ်နိုင်ခဲ့ကြောင်း။

ယခုနှစ် အခြေခံပညာကဏ္ဍတွင် နဝမတန်း လူရည်ချွန် ၉၆ ဦး၊ ဒသမတန်းလူရည်ချွန် ၁၃၂ ဦး၊ ဧကာဒသမတန်း လူရည်ချွန် ၁၃၃ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ၉၉ ဦးနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ပထမနှစ်လူရည်ချွန် ၁၄၈ ဦး၊ ဒုတိယနှစ်လူရည်ချွန် ၁၄၃ ဦး ရွေးချယ်နိုင်ခဲ့ပြီး စုစုပေါင်းလူရည်ချွန် ၇၅၁ဦး မွေးထုတ်နိုင်ခဲ့ကြောင်း၊ လူရည်ချွန် ၇၅၁ ဦးတွင် ငါးထပ်ကွမ်း နှစ်ဦး၊ လေးထပ်ကွမ်း ၃၁ ဦး၊ သုံးထပ်ကွမ်း ၆၈ ဦး၊ နှစ်ထပ်ကွမ်း ၁၉၆ ဦးနှင့် ပထမအကြိမ် ရွေးချယ်ခံရသူ ၄၅၄ ဦး ပါဝင်ကြောင်း။

ထိုသို့ထူးချွန်ထက်မြက်သည့်လူရည်ချွန်များကို အစဉ်လေ့ကျင့်မွေးထုတ်ပေးနေပြီး နိုင်ငံအတွက်လိုအပ်သည့် **“အသိပညာအဆောက်အအုံ”** တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချဆောင်ရွက်ပေးနေသည့် ပညာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုသည်ကို ပြောလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုနှစ် လူရည်ချွန် ကျောင်းသားလူငယ်များ၏ ထူးချွန်ထက်မြက်မှု၊ ကြိုးစားအားထုတ်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နဝမတန်းလူရည်ချွန်များကို ပြင်ဦးလွင်လူရည်ချွန်စခန်း၊ ဒသမတန်းလူရည်ချွန်များကို အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်းလူရည်ချွန်များကို ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်များကို နေပြည်တော်လူရည်ချွန်စခန်း၊ တက္ကသိုလ်ပထမနှစ်နှင့် ဒုတိယနှစ်လူရည်ချွန်များကို ချောင်းသာလူရည်ချွန်စခန်းတို့သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း။

ယခုခရီးစဉ်သည် မိမိတို့၏ ကြိုးစားမှု၊ အရည်အချင်းနှင့် အစွမ်းအစများကြောင့် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သဖြင့် ယခုခရီးစဉ်တွင်ပါဝင်ခွင့်ရသည်ကို ဂုဏ်ယူတန်ဖိုးထားစေချင်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင်လည်း မိဘပြည်သူများ၊ တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြိုဆိုကြမည်ဖြစ်ကြောင်း။

ထို့ပြင် ခရီးစဉ်အတွင်း ဒေသအသီးသီးမှ ပညာကိုတန်ဖိုးထားသည့် သက်တူရွယ်တူ သူငယ်ချင်းများနှင့်တွေ့ဆုံပြီး အသိပညာများ ဖလှယ်နိုင်ကြမည်ဖြစ်သကဲ့သို့ ဒေသန္တရဗဟုသုတများ ရှာဖွေနိုင်ကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းဆောင်ရွက်တတ်မှု၊ အများနှင့် လိုက်လျောညီထွေနေထိုင်လာတတ်မှု၊ အပြန်အလှန်နားလည်မှု၊ အချင်းချင်းယုံကြည်လေးစားမှုနှင့် ခင်မင်ရင်းနှီးမှုများရရှိလာနိုင်မည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက် အတွေ့အကြုံကောင်းများ ရနိုင်မည်ဖြစ်ကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့ရရှိထားသည့် လူရည်ချွန်ဟူသည့် ဂုဏ်ပုဒ်၊ အဆင့်အတန်းနှင့်အညီ ပြောဆိုနေထိုင်ပြုမူလုပ်ကိုင်မှုများကို မြှင့်တင်နိုင်အောင်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **“အတ္တနှင့် ပရ”** မျှတမှုရှိအောင် ကျင့်ကြံနေထိုင်ကြရန်နှင့် ခေတ်စနစ်၏ တိုးတက်မှုနည်းလမ်းများကို အမြဲမပြတ်ရှာဖွေနေရန် လိုအပ်သကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များမေ့မှိန်ပျောက်ကွယ်မသွားအောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ လူငယ်ဘဝတွင် ရှိသင့်သည့်ကျင့်ဝတ်များဖြစ်သည့် သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များကို လိုက်နာနေထိုင်ကြရန်နှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ဘာသာတရား၏အဆုံးအမနှင့်အညီ ကိုယ်ချင်းစာမှု၊ သည်းခံခွင့်လွှတ်မှု ဟူသည့် အခြေခံစိတ်ဓာတ်ကောင်းများ မွေးမြူကြရမည်ဖြစ်ကြောင်း၊ အများက လေးစားအတုယူရမည့် စံပြပုဂ္ဂိုလ်များဖြစ်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

ယခုကဲ့သို့ ၂၁ ရာစု အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်မှာ ဘဝတစ်သက်တာ လေ့လာသင်ယူနေရန်၊ စွမ်းဆောင်ရည်ပြည့်ဝနေရန် လိုကြောင်း၊ ထိုသို့ဆိုပါက မိမိတို့ကိုယ်တိုင် အစဉ်အမြဲလေ့လာသင်ယူနေရန်နှင့် ပြင်ပဗဟုသုတနှင့် အသိပညာအတွက် စာအုပ်စာပေများဖတ်ရှုရမည်ဖြစ်ကြောင်း၊ **“ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင် ပညာမြင့်၊ ကျင့်သော်အောင်မြင်၊ သင်သော်ထူးချွန်၊ ဘဝအတွက် စာကောင်းပေမွန်”**ဆိုသည့်စကားအတိုင်း စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကို စွဲစွဲမြဲမြဲ လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ပညာသင်ရာဌာနများဖြစ်သည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင်လည်း လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ပညာရေးနှီးနှောဖလှယ်ပွဲများနှင့် လူငယ်များကို ဘက်ပေါင်းစုံထူးချွန်စေမည့်၊ ဗလငါးတန်ပြည့်ဝစေမည့် လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပပေးကြရန် လေးလေးနက်နက် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ အများကြီးလိုအပ်ကြောင်း၊ ထို့ကြောင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ်အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**“လူရည်ချွန်”**ဟူသည့် ဂုဏ်သိက္ခာနှင့် လျော်ကန်သင့်မြတ်သည့် တာဝန်ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်ကြရန်၊ အမျိုးသားအကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းကြရန်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်းအလိုက် အထိမ်းအမှတ်အလံများကို လူရည်ချွန်မောင်မယ်များထံ ပေးအပ်ပြီး လူရည်ချွန်မောင်မယ်များက အထိမ်းအမှတ်လက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြုကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများက လူရည်ချွန်မောင်မယ်များနှင့်အတူ “လူရည်ချွန်စွမ်းအား” တေးသီချင်း၊ “လူငယ်စွမ်းရည်” တေးသီချင်းတို့ဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ကိုယ်စား နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ဒွါဒသမတန်းမှ မောင်စွမ်းသူအောင်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်များနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ



မန္တလေး မေ ၅

၂၀၂၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ခရစ်နှစ် ၁၉၄၄ ခု၊ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက်က မီးသတ်သမား ၆၆၃ ဦးဖြင့် စတင်၍ စနစ်တကျဖွဲ့စည်းတာဝန်ပေးကာ နိုင်ငံတော်ကို မီးဘေးမသင့်စေရန် မီးသတ်လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၄၆ ခုနှစ် မေ ၅ ရက်တွင်ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံက မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို စဉ်ဆက်မပြတ်ကျင်းပလာခဲ့ရာ နှစ် ၈၀ ပြည့်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မီးဘေးလုံခြုံရေး၊သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရည်မှန်းချက်တာဝန်လေးရပ်ဖြင့် “မြန် သုံးမြန်”၊ “သင့် လေးသင့်” ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များမှာ မီးငြိမ်းသတ်ရေးတစ်ခုတည်းသာမက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများအပေါ် ကိုယ်ကျိုးစွန့်ပြီး ပူးပေါင်းချိတ်ဆက်မှု အားကောင်းစွာဖြင့် ထိရောက်လျင်မြန်စွာ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နေသည်ကို တွေ့မြင်နေကြရပါကြောင်း၊ အသက်နှင့်ခန္ဓာကိုယ်ကို အရင်းတည်ပြီး စွန့်လွှတ်စွန့်စားကူညီဆောင်ရွက်ပေးနေကြသူများကို နိုင်ငံတော်က အသိအမှတ်ပြုပြီး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ အတွင်း ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၅၅၀ ထိ ရှိလာပြီဖြစ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူအားကိုးအားထားရသည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များကို စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများကို ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ၊ စံပြမီးသတ်စခန်းဆုရရှိသည့် မန္တလေး-ရန်ကုန် အမြန်လမ်းပေါ်ရှိ စကားအင်း(အမြန်လမ်း) မီးသတ်စခန်းနှင့် သီးကုန်း(အမြန်လမ်း) မီးသတ်စခန်းမှ တာဝန်ရှိသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ၊ ဌာနတွင်းသင်တန်းများနှင့် ပြင်ပဌာနများတွင် ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့က ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များပြသသည့် Video Clip၊ ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ၊ 191 Report Mobile Application ဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

☆ **ကျောဖုံးမှအဆက်**

သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာဖြင့် ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ နှစ် ၈၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့ နေ့ထူးနေ့မြတ် အခါသမယဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်းတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကာကွယ်ရေးသာမက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်စွန့်ကြိုးပမ်း အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

မီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီးလေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မီးသတ်လုပ်ငန်းတာဝန်ဆိုသည်မှာ အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ချက်ချင်းတုံ့ပြန်ဖြေရှင်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ခေတ် မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေး လုပ်ငန်းတစ်ခုတည်းသာမက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းနှင့်အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းလုပ်ငန်းစသည့်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့ကဆောင်ရွက်ရသည့် လုပ်ငန်းများသည် မိမိတို့ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နေရုံမျှနှင့် ပြီးပြည့်စုံသည်မရှိဘဲ ပြည်သူလူထုပူးပေါင်းပါဝင်မှသာ ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး သဘာဝဘေးကျရောက်သည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တွေ့ကြုံခဲ့ရသည့် ဘေးအန္တရာယ်တိုင်းတွင် ထိရောက်လျင်မြန်စွာ အကောင်းဆုံးပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မန္တလေးငလျင်ဖြစ်စဉ်အပေါ် သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတကာနည်းတူ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Urban Search Rescue) Medium Team အဆင့် အဖွဲ့နှစ်ဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ရေး နိုင်ငံတော်က ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေး စဉ်ဆက်မပြတ်လေ့ကျင့်ပြင်ဆင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများ၌ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ခြင်းအပေါ်၌လည်း များစွာကျေနပ်အားရမိပါကြောင်းနှင့်ထိုကဲ့သို့အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

အနာဂတ် မီးသတ်တပ်ဖွဲ့သည် ပိုမိုခိုင်မာအားကောင်းသည့် ဖွဲ့စည်းပုံ၊ ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးသည် စည်းကမ်းတကျနှင့် လေ့ကျင့်မှုမပျက်စေဘဲ တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်သိစိတ်မြင့်မားစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင်ဆောင်ရွက်ရခြင်းကြောင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စားသွားကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဂုဏ်ဒြပ်ကို လေးစားဂုဏ်ယူပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်နိုင်သည့် ပြည်သူအားကိုးရသောတပ်ဖွဲ့ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာ အစွန့်ရှည်ကြာအောင် ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက “မီးသတ်ပြ” ဂန္ထဝင်တေးသီချင်းသီဆိုသူ နိုင်ငံကျော်တေးသံရှင် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းများတွင် အသက် ၉၀ နှစ်နှင့်အထက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းဟောင်းများဖြစ်ကြသည့် မီးသတ်တပ်ကြပ်ကြီးဦးထွန်းကြည်နှင့် ဦးသောင်းမြင့်၊ အရန်ဒုတိယတပ်ရင်းမှူး(ငြိမ်း) ဦးချစ်လှိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူး(ငြိမ်း) ဦးတင်ညွန့်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောထံသို့ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေက နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂါရဝပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းရည်သတ္တိဆိုင်ရာ ရဲဗလတံဆိပ်ရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းသမိုင်းဝင်မီးသတ်ပစ္စည်းများ ကိရိယာပြခန်းများ၊ အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှု ဆက်သွယ်ရေးစနစ်များ၊ ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာပြခန်းများ၊ ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များ၊ စက်များနှင့် ရှာဖွေရေးခွေး (Search Dog) သရုပ်ပြမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၃-၄-၂၀၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၁၅-၁၂-၂၀၂၅ ရက်မှ ၃-၄-၂၀၂၆ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း ၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း ငါးဦး၊ အထွေထွေ ၄၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၇ ဦး စုစုပေါင်း ဦးရေ ၁၁၀ တို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၅၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၆၈၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀၇၁ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ





မန္တလေး မေ ၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဇထူးအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘော်လီဘောဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အမျိုးသားပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ မိတ္ထီလာခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပပြီး အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသည့် မိတ္ထီလာခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ပထမဆုရရှိသည့် အမျိုးသား၊ အမျိုးသမီး မိတ္ထီလာခရိုင်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များ၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ၊ အမျိုးသားအကောင်းဆုံး ကစားသမားဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းမှ ကျောနံပါတ်(၈) နှင့် အမျိုးသမီးအကောင်းဆုံးကစားသမားဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းမှ ကျောနံပါတ်(၃)တို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြစ်ကြီးနားမြို့နှင့် ပုသိမ်မြို့တို့၌ နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် မေ ၅

နှစ်၈၀ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တက်ရောက်လာကြသူများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခြင်းများကို လှည့်လည်ကြည့်ရှုကြသည်။

အလားတူ နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးတို့က ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကိုပြသပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**




ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်ထံ PDF အမည်ခံအဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် PDF အမည်ခံအဖွဲ့ဝင်တစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။

**နေပြည်တော် မေ ၅**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခြောက်ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် ခြောက်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောငအတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် M4A1 သေနတ် တစ်လက်၊ MA 5 ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ သုံးခု၊ ကျည်မျိုးစုံ ၅၇ တောင့်၊ MG-1 လက်ပစ်ဗုံး နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ငွေကျပ်သိန်း ၅၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၆၀ တို့ကိုပေးအပ်ပြီး ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။


ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -



"ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲရောက်ရောက်ချင်း အခြေခံသင်တန်းလေးလနဲ့ အထူးကွန်မန်ဒိုသင်တန်းလေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက် တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့ နေထိုင်တဲ့နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေလုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့နေရာမှာဆိုလဲ ကျွန်တော်တို့ PDF တွေက အဓိကလုပ်ကိုင်ရတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာနေတာများပါတယ်။ တချို့တွေဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုလဲ ထိုင်းနိုင်ငံထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေဖြစ်လာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးနေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးနေရတာများပါတယ်။ အမြဲတမ်းကြောက်လန့်တဲ့စိတ်နဲ့နေရတာများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲလွတ်မြောက်လာခြင်းဖြစ်ပါတယ်။ အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူလာပြီး တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီးနောက်ပိုင်းမှာ ကျွန်တော်ကောင်းကောင်းမွန်မွန် နေထိုင်ရပါတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလဲ ပြန်လည်ရရှိခဲ့ပါတယ်။ အဲ့ဒီအတွက်လဲ နိုင်ငံတော်နဲ့တပ်မတော်အပေါ်အထူး ကျေးဇူးတင်ရှိပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမအပေါင်းအသင်း PDF တွေကိုလဲ အမြန်ဆုံး အလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်" ဟု ပြောသည်။ (၅၀၁)

## ၅-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၈၉၁,၄၂၅.၇၂ | - | ၃၈,၆၁၅,၅၃၄.၂၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |




ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့အမေရိကန်ဒေါ်လာသုည ဒသမ ၀၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင် ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်အတွင်း တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရောနစ်သင်တန်းကို ၁၁ -၅ -၂၀၂၆ ရက်မှ ၂၆ -၃ -၂၀၂၇ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၁) သုံးလသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၁၁-၅-၂၀၂၆ ရက်မှ ၇-၈-၂၀၂၆ ရက်ထိလည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ် တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား၊ မ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းကချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့် သင်ကြားပေးမည့် ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (က) အီလက်ထရောနစ်သင်တန်း | အထက်တန်း | Multimeter အသုံးပြုနည်း၊ Components သင်တန်းပစ္စည်းများ တိုင်းတာစစ်ဆေးခြင်း၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်း၊ Circuit တည်ဆောက်၊ စစ်ဆေး၊ ပြုပြင်ခြင်း၊ Sound Wave System Power Supply၊ Amplifier နှင့် Transformer တည်ဆောက်ခြင်း |
| (ခ) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoftword၊ Microsoft Excel၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (ဂ) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း၊ ထုတ်နည်း၊ Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရုပ်အင်္ကျီချုပ်နည်း |
| (ဃ) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီး ဆံပင်ပုံစံမျိုးစုံ ညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်၊ ကောက်၊ မျက်နှာနှင့် ဆံပင်ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (င) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းဘောင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ
၄။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွား၊အပြန်ခရီးစရိတ်များကို နိုင်ငံတော်က စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) ဖုန်းနံပါတ် ၀၁၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်းနေ့သစ်တွေ မြင်တွေ့ရတော့မှာလား"** ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူ့ကာကွယ်ရေးခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့အသက်ပေးနေရမည်လား"**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၆ ခုနှစ် မေ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မေ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါမြောက်ရပ်ကွက် ဇေယျသုခဝါဆိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် ၉၀ နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၃-၅-၂၀၂၆ ရက်) တနင်္ဂနွေနေ့ ည ၉ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၉-၅-၂၀၂၆ ရက် စနေနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်ထိ ဆက်လက်ဖွင့်လှစ်ပြသမည်

**ရန်ကုန် မေ ၅**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၅**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁)ကို ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်တွင် မြန်မာ့မြေလွှာဖြစ်တည်မှု၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်ယဉ်ကျေးမှုများကို ကွင်းဆင်း၊ တူးဖော်၊ သုတေသနပြုလေ့လာတွေ့ရှိချက်အသစ်များ၊ သိပ္ပံနည်းကျသက်တမ်းတွက်ချက်မှုများကို ထည့်သွင်းဖြည့်စွက်ရေးသားပြုစုပြီး မြန်မာသမိုင်းပညာရှင်များအဖွဲ့က စိစစ်တည်းဖြတ်ထားသည်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁) စာအုပ်ကို နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ၎င်းတို့လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများရှိ စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုလေ့လာနိုင်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် နေပြည်တော်နှင့် ရန်ကုန်တို့ရှိ အမျိုးသားစာကြည့်တိုက်များ၊ အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနခွဲ၊ ဌာနစုများ၏ စာကြည့်တိုက်များတွင် ဖတ်ရှုလေ့လာနိုင်ရေး ဖြန့်ဝေထားရှိသည်။

အဆိုပါ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွဲ(၁) စာအုပ်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနခွဲ၊ ဌာနစုအသီးသီးတွင် အများပြည်သူများ ကိုယ်ပိုင်စုဆောင်းဖတ်ရှုလေ့လာနိုင်ရေး ဝယ်ယူနိုင်ရန်အတွက် တစ်အုပ်လျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ပြင်ပစာပေတိုက်များတွင်လည်း ဝယ်ယူဖတ်ရှုနိုင်ရန် ဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


❖ မော်လူးမြို့မှအဆက်

အရေးကြီးသည့်နေရာတွင် တည်ရှိသည့် ဒေသတစ်ခုဖြစ်သည်။

တပ်မတော် စစ်ကြောင်းများသည် အင်းတော်မြို့ကို ပြန်လည်သိမ်းပိုက် ထိန်းချုပ်ခဲ့ပြီးနောက် အဆိုပါဒေသ တစ်ဝိုက်ကို နယ်မြေရှင်းလင်းခြင်း၊ အောင်မြေချဲ့ခြင်းများ ဆက်လက်ဆောင် ရွက်ခဲ့ပြီး မော်လူးမြို့ကို ဆက်လက် သိမ်းပိုက်ထိန်းချုပ်နိုင်ရေး စစ်ကြောင်း များခွဲ၍ စစ်နည်းဗျူဟာမြောက် ချီတက် ရှင်းလင်းခဲ့ရာ အင်းတော်မြို့နှင့် မော်လူး မြို့အကြားရှိ နားမကြိုင်းရွာ၊ ပင့်တင်ရွာ နှင့် နဘားကြီးရွာတို့ကို မေ ၂ ရက်တွင် လည်းကောင်း၊ ပွိုင့်-၃၀၅ တောင်ကုန်းနှင့် ပင်ဝယ်ရွာသစ်တို့ကို မေ ၃ ရက်တွင် လည်းကောင်း၊ တုံလုံရွာနှင့် ဖားပန်ရွာ တို့ကို မေ ၄ ရက်တွင်လည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ် ခဲ့ပြီး မေ ၅ ရက် ယနေ့တွင် တပ်မတော် စစ်ကြောင်းများသည် စီပိန်းရွာ၊ နားခွင်း ကျင်ရွာ၊ မော်လူးမြို့ကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် မော်လူးမြို့နှင့် အဆိုပါ ဒေသတစ်ဝိုက်ကို အလုံးစုံပြန်လည်ထိန်းချုပ်ရန် နယ်မြေ ရှင်းဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ များရှိခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းဆည်းရရှိ ခဲ့သည့်အပြင် အကြမ်းဖက်သောင်းကျန်း သူများ တရားမဝင် လုပ်ကိုင်နေသည့် စက်သုံးဆီသိုလှောင်သည့် နေရာများမှ စက်သုံးဆီထည့် သံပီပါခွံများနှင့် ကော် ပီပါခွံများ၊ဆီလှောင်ကန်များနှင့် မော်တော် ယာဉ်များကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်း ချီတက်လာသော တပ်မတော်စစ်ကြောင်း များကို အကြမ်းဖက်သောင်းကျန်းသူ များ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူ များက **စာမျက်နှာ ၂၃ သို့**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့ကို အလုံးစုံပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့မှု ဖြစ်စဉ်ပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့ တိုက်နယ်ပြည်သူ့ဆေးရုံကို ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့ရှိ အုပ်ချုပ်ရေးမှူးရုံးကို ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက မော်လူးမြို့သို့ ချီတက်သိမ်းပိုက်စဉ် ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများဖြင့် ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုကြစဉ်။

တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်း အဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက် သောင်းကျန်း သူများက ဌာနဆိုင်ရာ အဆောက် အအုံများကို ဖျက်ဆီး၍ ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား နှစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Evgeny Pimenov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘူရွန်ဒီနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦးနှင့် ယူဂန်ဒါနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၅ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၃၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၆ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြ၀)

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် ဖမ်းဆီးရမိ



တင်အောင်သန်း၊ ခင်မောင်သန်း၊ ခင်သန္တာဝင်း(မ)၊ ချမ်းမြေ့ပိုင်တို့ကို သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)၅၆ ဒသမ ၀၅ ကီလိုနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၅**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီခွဲ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရန်ကုန်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ ထွက်ခွာမည့် လေယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည် တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်နေ မျိုးညီညီဟိန်း ၃၂ နှစ်နှင့် မနှင်းသဇင်ဦး ၂၉ နှစ်တို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၂၆ ဒသမ ၆ ကီလို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် အလားတူ လေယာဉ်ဖြင့် လိုက်ပါမည့် ခရီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ တင်အောင်သန်း ၃၂ နှစ်၊ မခင်သန္တာဝင်း ၃၃ နှစ်၊ ရေတွင်းကုန်းရပ်ကွက်နေ ခင်မောင်သန်း ၄၁ နှစ်၊ ချမ်းမြေ့ပိုင် ၂၄ နှစ်တို့ လေးဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆ ဒသမ ၀၅ ကီလိုကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို လက်ခံ၍ ပို့ဆောင်ပေးသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိနိုင်ငံတကာကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီရုံးခန်းကို ဝင်ရောက်ရှာဖွေရာ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ မထက်ကေရီ ၂၃ နှစ်၊ ဖို့မြေရပ်ကွက်နေ မကြယ်စင်လင်းလဲ့ ၁၉ နှစ်တို့ နှစ်ဦးထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၉ ဒသမ ၅ ကီလို ဆက်လက်ဖမ်းဆီးရမိပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို မလေးရှားသို့ ပို့ဆောင်ပေးရန်အပ်နှံသူ အောင်မြေသာစံမြို့နယ် နှင်းဆီတန်ဖိုးနည်းအိမ်ရာနေ အောင်ကျော်ဝင်း ခေါ် အောင်အောင် ၄၁ နှစ်၊ ၎င်း၏ဇနီး မသန္တာလွင် ၄၆ နှစ်တို့ကို လားရှိုးမြို့ ရပ်ကွက်(၂)ရှိ ဟိုတယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း) တစ်ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်း ဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁၆၇၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၃ ဒသမ ၁၅ ကီလိုသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးရန်စေခိုင်းသူမှာ သီပေါမြို့နယ် လင်တိကျေးရွာနေ လောက်ချီ (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၂၂ မှအဆက်

လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ မော်လူး-နန့်စီးအောင်လမ်းပိုင်းကို အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ (မြ၀)





မော်လူးမြို့သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်စဉ် လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ တရားမဝင်လုပ်ကိုင်နေသော စက်သုံးဆီသိုလှောင်သည့် နေရာများမှ ပီပါခွံများနှင့် တရားမဝင်စက်သုံးဆီများ သယ်ဆောင်သည့် မော်တော်ယာဉ်တို့ကို တွေ့ရစဉ်။

ဝတ္ထုတိုကဏ္ဍ

# လိပ်ဖြစ်သွားသော ကြမ်းပိုးတစ်ကောင်အကြောင်း

မနှင်းဖွေး



**ယမန်နေ့မှအဆက်**

"အဲဒီတော့ ဝီရိယသမားရဲ့အခန်းကဏ္ဍကကော အဖေကြီး"

"ဝီရိယလဲ လိုတာပေ့ါ။ သိပ်လိုတာပေ့ါ။ ဒါပေမဲ့ ဝီရိယတစ်ခုတည်းနဲ့တော့ မရနိုင်တော့ဘူး။ ဝီရိယလဲ လိုတယ်။ မြန်လဲ မြန်ရမယ်။ မှန်လဲ မှန်ရမယ်။ ဦးနှောက်ကလဲ စံမီရမယ်။ အမြင်ကလဲ ကျယ်ရမယ်။ ဒါမှ နောက်မှာပြတ်မကျန်ခဲ့မှာ"

"လိပ်အကြောင်း ပြောနေရာက အဖေကြီးစကားက ဘယ်ကိုချော်တောင်ငေါ့သွားပြန်တာတုံး"

"လိပ်အကြောင်း ပြောနေတာပါပဲ။ လိပ်ဆိုတာ အလွန်နှေးတဲ့သတ္တဝါမို့ ချစ်စရာမကောင်းပါဘူးလို့ သားကို ရှင်းပြနေတာလေ။ သား... ဖေဖေ ပြောတာ သဘောပေါက်တယ်မဟုတ်လား"

"ဟုတ်"

"နောက်ပြီး လိပ်တွေကို သေချာကြည့်စမ်းသား၊ သူတို့လမ်းလျှောက်တာ ဘာကြောင့်နှေးနေသလဲ။ အမှန်တော့ သူတို့က သူတို့ဘက်သူတို့ယက်ပြီး လျှောက်နေလို့ ခြေလှမ်းနှေးနေတာသားရဲ့။ သူတို့သာ သူတို့ဘက်မယက်ဘဲ ခြေကုန်ဖွင့်လျှောက်ကြည့်ပါလား။ ဘယ်နှေးလိမ့်မလဲ။ မြန်သွားမှာပေ့ါ။ ဟုတ်တယ်မဟုတ်လား သား"

"ဟုတ်တယ် ဖေဖေ"

"နောက်တစ်ချက်ရှိသေးတယ်။ သူတို့ကျောမှာ အဖိုးတန်အခွံမာကြီးကိုလဲ ထမ်းထားသေးတယ်လေ။ အဲဒါကြောင့် သူတို့က လေးလေးနဲ့နှေးနှေးကြီး ဖြစ်နေတာပေ့ါ"

"ဥစ္စာခြောက်တယ်ဆိုတာ အဲဒါမျိုးလား ဖေဖေ"

သမီးအပျိုပေါက်က ဝင်ပြောပြန်ရော။

"အဲ...အဲဒါလဲ ဖြစ်နိုင်တာပဲ၊ ဟား... ဟား... ဟား၊ ငါ့သမီးက တော်တော်ကတ်သီးကတ်သတ် ပြောတတ်တာပဲ"

ပြီးတော့ သားအမိသားအဖတစ်တွေလေ အားမနာလျှာမကျိုး ကျွန်တော့်ကိုရှေ့ထားပြီး တဟားဟားနဲ့ရယ်လိုက်ကြတာ အကြာကြီးပဲ။

အဲဒီလိုနဲ့ ညနေဘက် နေလေးနည်းနည်းစောင်းစ ပြုလာတော့ ကျွန်တော်တို့နေရာနဲ့ မလှမ်းမကမ်း မြက်ခင်းစပ်မှာထိုင်ပြီး ငိုင်နေတဲ့ မိန်းမကြီး တစ်ယောက်ကို သတိထားလိုက်မိတယ်။ အဲဒီမိန်းမကြီး ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိပါဘူး။ အသက်က ၅၀ လောက်ရှိမယ်။ ဆံပင်ကလဲ ဖွာလန်ကြဲလို့။ မျက်နှာမှာလဲသနပ်ခါးမရှိဘူး။ အဝတ်အစားကလဲ နွမ်းနွမ်းဖပ်ဖပ်နဲ့။ သူ့ကြည့်ရတာအတော့်ကို စိတ်သောကရောက်နေတဲ့ပုံစံမျိုး။

အဲဒီအချိန်မှာ နည်းနည်းသားသားနားနား ဝတ်စားထားတဲ့ အသက် ၆၀ အရွယ် မိန်းမကြီး တစ်ယောက်က ကလေးလေးတစ်ယောက်ကို လက်ဆွဲပြီး သူ့အနားကိုရောက်လာတယ်။ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး-

"ဟဲ့... နေပါအုံး၊ နင်... နင်... ခင်ငွေ မဟုတ်လား" လို့ မေးတယ်။

နွမ်းဖပ်ဖပ်မိန်းမက ခေါင်းငုံ့နေရာမှ မော့ကြည့်ပြီး-

"ဟင်...အစ်မ အစ်မကျော့"

"ခင်ငွေရယ်... နင့်ပုံစံကလဲ ဘယ်လိုဖြစ်နေတာလဲ။ ငါဖြင့် မနည်းကို ကြည့်ယူရတယ်။ နေပါအုံး နင်က ဒီမှာဘာထိုင်လုပ်နေတာလဲ"

"ဘာရယ်ညာရယ်မဟုတ်ပါဘူး အစ်မရယ်။ စိတ်ညစ်လွန်းလို့ ခြေဦးတည့်ရာလျှောက်သွားပြီး မောတာနဲ့ ခဏထိုင်နေတာပါ"

"ငါ တစ်လောက ညည်းတို့အိမ်ဘက်ရောက်သေးတယ်။ အိမ်ပေါ်လှမ်းကြည့်တော့ ညည်းကို မတွေ့လို့ ဝင်မနှုတ်ဆက်တာ။ အချိန်ကလဲ သိပ်မရလို့"

"ကျွန်မ အဲဒီအိမ်မှာမနေတာကြာပြီ အစ်မ။ အဲဒီအိမ်မှာ တခြားလူတွေရောက်နေတယ်။ ကိုစိုးမောင်မသေခင်က နှစ်လုံး၊ သုံးလုံး အထိုးကောင်းလို့လေ။ အဲဒီအိမ် သူများလက်ထဲ ထိုးအပ်လိုက်ရပါပြီကော အစ်မရဲ့"

"ဟယ်...ဖြစ်မှဖြစ်ရလေ။ နေပါအုံး ကိုစိုးမောင်မသေခင်ကဆိုတော့ စိုးမောင်က သေပြီလား"

"သေတာ တစ်နှစ်တောင်ရှိသွားပြီ"

"အို... ဟုတ်လား၊ ငါလဲ မသိရပါလား ခင်ငွေရယ်၊ စိတ်မကောင်းလိုက်တာဟယ်။ နင်က ဘာလို့ ငါတို့ကို အကြောင်းမကြားတာတုံး"

"ဘယ်သူ့မှလဲ ပြောမနေချင်တော့တာနဲ့ အစ်မရယ်။ အသုဘတောင် နေ့ချင်းချလိုက်တယ်"

"ဒါထက် ဘာဖြစ်လို့ဆုံးတာလဲ"

"ဘာဖြစ်ရမလဲ အစ်မရယ်။ အရက်ပေ့ါ။ မိုးလင်းမိုးချုပ် ဒါလောက်သောက်နေမှတော့ မသေခံနိုင်မလား"

"ဟင်...ဒါဆို နင်တို့သားအမိသုံးယောက်ပဲ ကျန်တော့မှာပေ့ါ။ နင့်သားကြီးကော အလုပ်လုပ်နေတယ်မဟုတ်လား။ အရင်ဝပ်ရှော့မှာပဲလား"

"ထောင်ကျနေတယ် အစ်မရဲ့"

"ဘုရားရေ... ဘာဖြစ်လို့ ကျတာတုံး"

"လက်ဖက်ရည်ဆိုင်မှာ ရန်ဖြစ်ကြလို့လေ။ ရပ်ကွက်ထဲက လူငယ်ချင်းပါပဲ။ သူက ခွေးခြေနဲ့ ကောက်ရိုက်တာ ချက်ကောင်းထိပြီး တစ်ချက်တည်းနဲ့ ဟိုက သေရော။ အဲဒီအမှုနဲ့ကျတာ အစ်မ"

"ဖြစ်မှဖြစ်ရလေဟယ်။ ဒါဆို သမီးလေးပဲ ကျန်တော့မှာပေ့ါ။ သမီးလေးကော ၁၀ တန်း အောင်သွားပြီလား"

"မအောင်ပါဘူး အစ်မရယ်၊ မအောင်ရုံ ဘယ်ကမလဲ။ အရင်လကပဲ လင်နောက်လိုက်သွားပြီး အခု ယောက္ခမအိမ်မှာ နေနေတယ်။ အဆင်မပြေပါဘူး။ သူ့ယောကျ်ားကလဲ အလုပ်မရှိအကိုင်မရှိနဲ့"

"ဒုက္ခ ဒုက္ခ။ ဒါဆို နင် အခု ဘာလုပ်ကိုင်စားသောက်နေလဲ"

"အစကတော့ နေ့ပြန်တိုးလေးယူပြီး အလုံဆင်မင်းဈေးမှာ ပဲတီပင်ပေါက်၊ ပဲပြားလေး ရောင်းတယ်အစ်မ။ ရောင်းမကောင်းပါဘူး အစ်မရယ်။ အခုတော့ အရင်းလဲပြုတ်၊ နေ့ပြန်တိုးလဲ မဆပ်နိုင်။ ဈေးထဲတောင်မသွားရဲတော့ဘူး။ နောက်ပြီး သူများအိမ်အဖီလေးမှာငှားနေတာဆိုတော့ ရှေ့လဆို အိမ်လခပေးဖို့တောင် ခပ်ခက်ခက်၊ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး အစ်မရယ်"

"ဩော်... ခင်ငွေ ခင်ငွေ နင့်အဖြစ်ကလဲ ဆိုးလိုက်တာဟယ်"

"ဆိုးချက်ကတော့ မပြောနဲ့တော့။ အခုတော့ ကျွန်မဘဝကလေ လိပ်ပက်လက်လှန်ထားတဲ့ အတိုင်းပါပဲ အစ်မရယ်။ လိပ်ပက်လက်လှန်ထားတဲ့ အတိုင်းပါပဲ"

နွမ်းဖပ်ဖပ်မိန်းမက လိပ်ပက်လက်လှန်ထားတဲ့ အတိုင်းပဲဆိုတဲ့စကားကို ထပ်တလဲလဲပြောရင်း တအင့်အင့်နဲ့ ငိုချပါလေရော။

"ကဲ... ကဲ... ငိုမနေနဲ့တော့ ခင်ငွေ၊ ရော့.... လောလောဆယ်နင်သုံးဖို့ယူထားလိုက်၊ ငါလဲမျိုးများ စားစားပါမလာလို့။ နောက်နေ့ အိမ်ဘက်လှည့်လာခဲ့အုံးကြားလား၊ ငါသွားမယ်။ နင်လဲပြန်တော့"

"ဟုတ်... ဟုတ်ကဲ့၊ ကျေးဇူး... ကျေးဇူးပါပဲ အစ်မရယ်"

နောက်တော့ မိန်းမကြီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ထွက်သွားကြပါတယ်။

သူတို့ထွက်သွားပြီးမှ ကျွန်တော်က အနားမှာရှိတဲ့ လိပ်တစ်ကောင်ကို မေးကြည့်ရတယ်။

"စောစောက ဟိုအဒေါ်ကြီးနှစ်ယောက်ပြောသွားတာ ခင်ဗျားကြားလိုက်လား။ ခပ်နွမ်းနွမ်း အဒေါ်ကြီးက သူ့ဒုက္ခတွေတန်းစီပြောပြီး သူ့ဘဝက လိပ်ပက်လက်လှန်ထားတဲ့အတိုင်းပဲတဲ့ဗျ။ နေပါအုံး။ ကျွန်တော်မသိလို့မေးပါရစေ။ လိပ်ပက်လက်လန်တော့ဘာဖြစ်လဲဗျ။ ဘာထူးဆန်းလို့လဲ"

"ဘာတုံး မင်းက ပက်လက်လှန်ကြည့်ချင်လို့လား။ လုပ်လိုက်လေ။ အကြောင်းသိသွားအောင်။ ဒီမယ် ဘော်ဒါ၊ မသေမချင်းမှတ်ထား။ တို့လိပ်တွေ ပက်လက်လန်သွားရင်လေ အဲဒါဘဝဆုံးပြီပဲ။ ကိုယ့်ဘာသာကိုယ် ဘယ်လိုမှပြန်မမှောက်နိုင်တော့ဘူး။ ယက်ကန်ယက်ကန်နဲ့ ပက်လက်ကြီး ဝဋ်ခံနေရတာ။ သေမှပဲ ဝဋ်ကျွတ်တော့တယ်။ ရှင်းပြီလား"

"ဟင်... ဟုတ်လား"

(၅)

ကျွန်တော် သက်ပြင်းပဲအခါခါချနေမိတယ်။

မူကြိုကျောင်းက ကလေးပေါက်စနလေးတွေကတောင် လိပ်မဖြစ်ချင်ပါဘူးတဲ့။ လိပ်လို့တောင် အခေါ်မခံနိုင်ဘူးဆိုပဲ။ ပြီးတော့ ဟိုသားအမိသားအဖတွေ ပြောဆိုသွားကြတာလဲကြည့်အုံး။ လိပ်ဆိုတာ နှေးကွေးတယ်တဲ့။ တစ်ကိုယ်ကောင်းဆန်တယ်တဲ့။ ကိုယ့်ဘက်ပဲ ကိုယ်ယက်တယ်တဲ့။ ဥစ္စာခြောက်တယ်တဲ့။ စုံနေတာပဲ။ ရစရာကိုမရှိတော့ဘူး။ ဟိုအဒေါ်ကြီးကလဲ သူ့အဖြစ်ဆိုးလွန်းတာကို လိပ်ပက်လက်လှန်ထားတဲ့အတိုင်းပဲလို့ ဥပမာပေးသွားသေးတယ်။ ဥပမာပေးစရာရှားလို့ဗျာ။ ကဲ... လိပ်ဘဝ ကောင်းတာ ဘာများကျန်တော့လို့လဲ။

စောစောကထင်ထားတာက လိပ်ဖြစ်ရင် ဂုဏ်လဲ မြင့်မယ်၊ သိက္ခာလဲတက်မယ်။ လူအထင်ကြီးလဲ ခံရမယ်ပေ့ါ။ ခု... ဘယ်ဟုတ်လို့တုံး။

ပြီး...မပြောကောင်းမဆိုကောင်း ခြေအငြိမ်မနေနိုင်၊ လက်အငြိမ်မနေနိုင် ခပ်ဆော့ဆော့ကောင်တစ်ကောင်က ကိုယ့်ကိုလာပြီး ပက်လက်လှန်ထားလိုက်မှ ဘုရား... ဘုရား... ကိုယ့်ဘဝက မရှုနိုင်မကယ်နိုင်နဲ့ တွေးတောင်မတွေးဝံ့စရာပဲ။

တော်ပြီ... တော်ပြီ။

လိပ်မဖြစ်ချင်တော့ဘူး။

ကိုယ့်ဘဝဟောင်း ကြမ်းပိုးပြန်ဖြစ်တာပဲ ကောင်းတယ်။

ကြမ်းပိုးဘဝမှာ ကိုယ့်အသိုက်အမြုံလေးနဲ့ကိုယ်၊ ကိုယ့်အသိုင်းအဝိုင်းလေးနဲ့ကိုယ်၊ ကိုယ့်ဆွေမျိုးတွေနဲ့ကိုယ် အေးအေးဆေးဆေး၊ စည်းစည်းလုံးလုံး၊ သိုသိုသိပ်သိပ်လေးပဲ နေချင်တော့တယ်။ အကောင်သေးလို့ မထင်ပေါ်လဲ ရှိစေတော့။ ကိုယ့်ဘာသာကိုယ် ပက်လက်လှန်ချင်လှန်၊ မှောက်ချင်မှောက် ဘာပြဿနာမှ မရှိဘူး။

အင်း... ကြမ်းပိုးပြန်ဖြစ်ချင်ပြီဆိုတော့ ဆရာကိုမော်ထွန်းနဲ့တွေ့ဖို့ လိုအပ်လာပြီလေ။

ဒီတော့ ကျွန်တော့်မှာ ဆရာကိုမော်ထွန်းကိုပဲ နေ့ရှိသရွေ့မျှော်နေရတော့တာပေ့ါ။ လူသံကြားတိုင်း ဆရာကိုမော်ထွန်းများဖြစ်နေမလား၊ ဆရာကိုမော်ထွန်းများ ရောက်လာပြီလားနဲ့ လှမ်းလှမ်းကြည့်ရတာအမော။ မျှော်ရလွန်းလို့ လည်ပင်းတောင် တစ်လက်မလောက် ပိုရှည်လာတယ်။

ဆရာကိုမော်ထွန်းကလဲ တစ်ချက်လေးတောင် ပေါ်မလာဘူး။ တိရစ္ဆာန်ရုံဘက်တစ်ချက်လေးတောင် ခြေဦးမလှည့်ဘူးဆိုတော့ ဘယ်အနှိပ်ခန်း စက်ကျနေလဲမသိ။ ဒါပေမဲ့ မတတ်နိုင်ဘူး။ သူလာလာ မလာလာ ကိုယ်က စောင့်ရမှာပဲ။

မစောင့်လို့လဲမဖြစ်ဘူးလေ။ လိပ်ကို ကြမ်းပိုးဖြစ်အောင်လဲ ဆရာကိုမော်ထွန်းတစ်ယောက်ပဲ တတ်နိုင်တာမဟုတ်လား။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၁၁ ဧက၊ ဆွမ္မရာမြို့တွင် ၁၁ ဧက၊ လဟယ်မြို့နယ်တွင် ၃၄၉ ဧက၊ ထန်ပါခွေမြို့တွင် ၁၂၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ၁၄၂ ဧက၊ ဒုံဟီးမြို့တွင် ၂၅၂ ဧက၊ ပန်ဆောင်မြို့တွင် ၇၁ ဧက စုစုပေါင်း ၁၂၅၈ ဧကဖြစ်ပြီး မတ်လ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပဲပုပ် ၁၂၅၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပိုးမွှားကျရောက်မှုမရှိစေဖို့၊ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ စိုက်ပျိုးနည်းပညာတွေကို တောင်သူတွေ သိရှိနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပဲပုပ်စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကဏန်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကျားကဏန်း ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ကျားကဏန်း ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့လအတွင်း ကျားကဏန်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေတယ်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းများမှာ အရွယ်အစားနှင့် အလေးချိန်ပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၃၃၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**အင်္ဂပူ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွှေတောင်စုကျေးရွာ၌ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များကို ကွန်ကရစ်ဘီးလမ်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ၁ ဒသမ ၁၆၇ ဖာလုံ၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့်ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၂၀၂ သန်းဖြင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ငယ်လေး

## စကားချိုသာ ပြောတတ်ပါ

- မမုန်းဖွယ်
  အပြုံးခြယ် ချိုစကား၊
  စကားချို ဘဝင်အေး
  ချင့်တွေးဆပွား။

- စကားထဲက စေတနာ
  အသေချာ မြင်စေရေး၊
  မပြောခင် မှန်အမှား
  စဉ်းစားချင့်တွေး။

- အမှားအမှန် ထိုနှစ်ရပ်
  ဆိုတတ်ရဲ့ သတိဝင်
  စဉ်းစားဆင်ခြင်၊
  ပြောလိုက်မိ စကားတွင်
  အမှားမြင် ဘယ်မကောင်း၊
  သူရောကိုယ်ပါ အကျိုးမဲ့
  ဆိုးဖွယ့်အကြောင်း။

- စကားကို ချိုသံရောတော့
  ကိုယ်ပြောသမျှ အရာထင်၊
  နားအဝင် ဘယ်မခါး
  ကြားရကြည်လင်၊
  အမုန်းအမျက် သူမဝင်
  တကယ်ပင် လေးစား၊
  သူနဲ့ကိုယ် အကျိုးရှိ
  တိုးဘိဆင့်ပွား။ ။

ကိုမျိုး(ပွင့်ဦး)

# သနပ်ပင်မြို့နယ် ကမာဖရုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် မေ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမာဖရုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကမာဖရုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၁ ဦးကို ငွေကျပ် ၂၇၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို ငွေကျပ် ၂၇၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

# ဆင်ခြင်တုံတရား၏ အကျိုးသက်ရောက်မှု

**စိန်လှိုင်ဗိုလ်**



လွန်ခဲ့သောနှစ်ပေါင်း ၄၀ ဝန်းကျင်က ဗဟိုတရားရုံးကစီရင်ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးစာအုပ်ကို ပြန်လည်ဖတ်ရှုဖြစ်ပါသည်။ သိသင့်သိထိုက်သည်များကို ပိုမိုသိခွင့်ရခဲ့ပါသည်။ မိမိတွေ့မြင်သိရှိဖတ်ရှုရသည်များကို ဗဟုသုတအလို့ငှာ စာဖတ်သူများကို ဝေငှလိုပါသည်။ အထူးအားဖြင့် မူလရုံး၊ ပထမအယူခံရုံးတို့၏ စီရင်ဆုံးဖြတ်ချက်များကို မကျေနပ်သူ (နစ်နာသူ) က ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလာသောအခါ အဖွဲ့နှင့်တရားစီရင်သော ဗဟိုရုံးတော်က အမှုကို ဥပဒေနှင့်အညီသာမက ဆင်ခြင်တုံတရားနှင့်ပါ ပေါင်းစပ်၍ ပြင်ဆင်ဆုံးဖြတ်ခဲ့သော အမှုများအကြောင်း သိရှိနိုင်ပါရန်နှင့် တရားစီရင်ရေးတာဝန်ရှိသူများက အတုယူနိုင်ရန်လည်း ရည်ရွယ်ရင်းဖြစ်ပါသည်။ ရေးပဲရေးနိုင်ရန်ကောဟု ဆိုလိုချင်ပါက ဥပဒေနှင့် ဆင်ခြင်တုံတရားပေါင်းစပ်ခြင်းကို ထပ်မံအမွှမ်းတင်ချင်နေ၍ဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ ကျင့်သုံးခဲ့လျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းနှင့် သေသူ၏ ရမ်းကားမှုကြောင့် လက်လွန်ခြေလွန် ဖြစ်ခဲ့ရခြင်းအတွက် ပြစ်ဒဏ်ချမှတ်ရာတွင် တရားခံအပေါ်သက်ညှာခွင့် စဉ်းစားသင့်ကြောင်း ဆင်ခြင်သုံးသပ်၍ ဗဟိုတရားရုံးက အောက်ရုံးအမိန့်များကို ပြင်ဆင်ပြောင်းလဲ အမိန့်ချမှတ်ခဲ့သော အမှုတစ်မှုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

အမှုဖြစ်စဉ်မှာ ဆုတောင်းပြည့်ဘုရားကျောင်းမှ ရုပ်ပွားတော်များပျောက်ဆုံးသဖြင့် မောင်ကြည်လှ (လိုပြ-၃)က ဘုရားသူခိုးများအား ဆဲဆိုမိသည်။ လေး၊ ငါးရက်ခန့် ကြာသောအခါ ညနေတွင် မောင်ထွန်းကြိုင် (သေသူ) သည် အရက်မူးလျက် မောင်ကြည်လှ၏ အိမ်ရှေ့သို့ရောက်လာပြီး ဘုရားသူခိုးဟုပြောဆိုကာ ရန်စသည်။ မောင်ထွန်းကြိုင်က မောင်ကြည်လှအား ဆဲဆိုနေစဉ် မောင်ထွန်းကြိုင်၏ ညီ မောင်အောင် (လိုပြ-၈) လာ၍ မောင်ထွန်းကြိုင်အား ဆွဲခေါ်သွားသည်။ မောင်ထွန်းကြိုင်သည် မောင်ကြည်လှ၏ အစ်ကို ဦးဘိုလေး၏ အိမ်ရှေ့သို့ ရောက်သည့်တိုင်အောင် မောင်ကြည်လှအား ဆဲဆိုနေသဖြင့် ဦးဘိုလေး၏ ဇနီး ဒေါ်ညို (လိုပြ-၂)က ထမင်းချက်နေရာမှ မောင်ထွန်းကြိုင်အား မဆဲဆိုရန် ဝင်ပြောသည်။ မောင်ထွန်းကြိုင်က ဒေါ်ညိုအား ဆဲဆိုပြန်သည်။ ဒေါ်ညိုကလည်း ပြန်၍ဆဲဆိုသည်။ မောင်ထွန်းကြိုင်က ဒေါ်ညို၏အိမ်ကို ခဲနှင့်ပေါက်သည်။ ရပ်ကွက်လုံခြုံရေးကော်မတီအဖွဲ့ဝင် ဦးအောင်ချစ် (လိုပြ-၁) ရောက်လာပြီး မောင်ထွန်းကြိုင်အား ဆွဲခေါ်သွားစေသည်။

ထိုနေ့ည ၉ နာရီအချိန်ခန့်တွင် ဦးဘိုလေးသည် ခရမ်းစိုက်ခင်းမှ ပြန်ရောက်လာပြီး ဇနီးသည် ဒေါ်ညို ခူးခပ်ပေးသော ညစာကိုစားရန် အိမ်ရှေ့ခန်း ထမင်းစားပွဲ၌ ထိုင်နေစဉ် အရက်မူးနေသော မောင်ထွန်းကြိုင်သည် **"ဘုရားသာမက ဦးဘိုလေး၏နွားကိုပါ ခိုးမည်၊ ထို့နောက် ဦးဘိုလေးတို့ လင်မယားကိုလည်း သတ်မည်ဟု ကြိမ်းဝါးလျက် ဦးဘိုလေး၏ အိမ်ပေါ်သို့ ပြေးတက်လာသည်။"** မောင်ထွန်းကြိုင်၏ ကြိမ်းဝါးသံကို မောင်ကြည်လှ (လိုပြ-၃)နှင့် ဦးလှကျော် (လိုပြ-၄) တို့ ကြားလိုက်ရသည်။

လက်ထဲတွင် ဓားကိုင်လျက် ပြေးဝင်လာသော မောင်ထွန်းကြိုင်အား ဦးဘိုလေးက အိမ်တံခါးပေါက်ကို ကန့်လန့်ထိုးသောဝါးတုတ်ဖြင့် ရိုက်ချလိုက်သည်။ ဦးခေါင်းနောက်စေ့ကို ရိုက်မိ၍ မောင်ထွန်းကြိုင် လဲကျသွားသောအခါ ၎င်း၏လက်ထဲမှ လွတ်ကျသောဓားကို ဦးဘိုလေးက ကောက်ယူပြီး မောင်ထွန်းကြိုင်အား ဆင့်ကာ ဆင့်ကာ ခုတ်သည်။ မောင်ထွန်းကြိုင်သည် ဦးဘိုလေး၏ အိမ်လှေခါးရင်း၌ သေဆုံးသွားသည်။

ဦးဘိုလေးက ရွာအနီး ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ အဖမ်းခံသည်။ နောက်နေ့တွင် ရမည်းသင်းမြို့နယ်တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မြင့် (လိုပြ-၁၀) ထံ၌ ဦးဘိုလေးက ဖြောင့်ချက်ပေးသည်။ ဦးဘိုလေး၏ ဖြောင့်ချက်သည် သက်သေခံအမှတ် (၈) ဖြစ်သည်။

မောင်ထွန်းကြိုင်၏ အလောင်းတွင် တုတ်ဒဏ်ရာ (၁) ချက်နှင့် ဓားဒဏ်ရာ (၁) ချက် တွေ့ရှိကြောင်း တုတ်ဒဏ်ရာကြောင့် ဦးခေါင်းခွံရိုးကွဲပြီး ဦးနှောက်ထဲ စိုက်ဝင်သွားသဖြင့် ၎င်းဒဏ်ရာသည် ဧကန်မုချ သေရမည့်ဒဏ်ရာဖြစ်ကြောင်း၊ ဓားဒဏ်ရာများသည် သာမန်ဒဏ်ရာများသာဖြစ်ကြောင်း ဆရာဝန် ဒေါ်ခင်မေ (လိုပြ-၉) က ထွက်ဆိုသည်။ ဦးဘိုလေးက မိမိလက်ချက်ကြောင့် မောင်ထွန်းကြိုင် သေဆုံးရခြင်းကို မငြင်းကွယ်ပါ။ သို့ရာတွင် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုမူခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါဟု ဗဟိုတရားရုံးသို့ တင်သွင်းသော ၎င်း၏ပြင်ဆင်မှုလျှောက်လွှာတွင် တင်ပြထုချေခဲ့သည်။

မောင်ထွန်းကြိုင် လဲကျသွားပြီးနောက် ၎င်းအား ဓားနှင့် သုံးချက်မျှ ထပ်မံခုတ်ခြင်းအားဖြင့် ဦးဘိုလေးသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ ကျင့်သုံးခဲ့သည်ဟု ရမည်းသင်းမြို့နယ်တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၁၆၂၆) ၌ ကောက်ယူဆုံးဖြတ်လျက် ဦးဘိုလေးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်အပေါ် ဦးဘိုလေးက မန္တလေးတိုင်းတရားရုံး ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၅) ဖြင့် အယူခံဝင်ရောက်ခဲ့သော်လည်း မန္တလေးတိုင်းတရားရုံးက အယူခံကို လက်မခံခဲ့ပါ။ မူလမြို့နယ်တရားရုံး၏အမိန့်ကိုသာ အတည်ပြုခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သော သက်သေခံအထောက်အထားများအရ ဦးဘိုလေးအပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၀၄ အရ ပြစ်မှုထင်ရှားကြောင်း၊ မူလရမည်းသင်းမြို့နယ် တရားရုံးနှင့် ပထမအယူခံ မန္တလေးတိုင်းတရားရုံးတို့၏ တွေ့ရှိချက်မှာ မှန်ကန်ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က လက်ခံသည်။ သို့ရာတွင် ဦးဘိုလေးသည် ပထမအကြိမ် ကျူးလွန်သူတစ်ဦးဖြစ်ခြင်းနှင့် သေသူ မောင်ထွန်းကြိုင်၏ ရမ်းကားမှုကြောင့် လက်လွန်ခြေလွန်ဖြစ်ခဲ့ရခြင်း စသည့်အချက်များကို ထောက်ထားလျက် ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာစွာစဉ်းစားသင့်သည်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ယူဆခဲ့သည်။

ထို့ကြောင့်ပြင်ဆင်မှုလျှောက်ထားသူ ဦးဘိုလေး အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၄ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ဗဟိုတရားစီရင်ရေးအဖွဲ့က အတည်ပြုသော်လည်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၆) နှစ် ပြစ်ဒဏ်ချမှတ်ထားခြင်းကို ပယ်ဖျက်၍ ၎င်းအစား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ် ကျခံစေရန် လျှော့ပေါ့ချမှတ်လိုက်သည်။

ဗဟိုတရားရုံးက မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် လက်ခံအတည်ပြုသော်လည်း ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆင်ခြင်သုံးသပ်ချက်သည် ပြင်ဆင်မှုလျှောက်ထားသူ ဦးဘိုလေးအတွက် ထိုက်သင့်သော သက်သာခွင့်ကို ရရှိသွားခဲ့ကြောင်း **ဦးဘိုလေးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် (၃၈၉ (ခ)) စီရင်ထုံး**ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**❖ သို့ရာတွင် ဦးဘိုလေးသည် ပထမအကြိမ် ကျူးလွန်သူတစ်ဦး ဖြစ်ခြင်းနှင့် သေသူမောင်ထွန်းကြိုင်၏ ရမ်းကားမှုကြောင့် လက်လွန် ခြေလွန်ဖြစ်ခဲ့ရခြင်း စသည့်အချက်များကို ထောက်ထား လျက် ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာစွာစဉ်းစားသင့်သည်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ယူဆခဲ့သည်။ ထို့ကြောင့် ပြင်ဆင်မှု လျှောက်ထားသူ ဦးဘိုလေးအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းကို ဗဟိုတရားစီရင်ရေး အဖွဲ့ကအတည်ပြုသော်လည်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၆) နှစ် ပြစ်ဒဏ်ချမှတ်ထားခြင်းကို ပယ်ဖျက်၍ ၎င်းအစား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ် ကျခံစေရန် လျှော့ပေါ့ချမှတ်လိုက်သည်။ ❖**

အထက်ပါအမှုစီရင်ထုံးအပြင် စာမျက်နှာ အခြေအနေပေးသည့်အလျောက် ရာဇဝတ်မှု သိမှတ်ဖွယ်ရာတစ်ခုကို အတိုချုံး၍ ထပ်မံတင်ပြပါဦးမည်။ စွဲချက်တင်ခြင်းနှင့် ပတ်သက်ပါသည်။ စွဲချက်တင်ထားခြင်းမှာ မူလမှုတိုင်တန်းသော တရားလိုကိုယ်တိုင်နှင့် သက်သေများ၏ တစ်ဆင့်ကြားစကားအရ ဖြစ်ခဲ့လျှင် တစ်ဆင့်ကြားသက်သေခံချက်မှာ သက်သေခံဥပဒေပုဒ်မ-၆၀ အရ သက်သေခံမဝင်ကြောင်းဖြစ်သည်။

မောင်သန်းဆိုသူအပေါ် သူတစ်ပါးသားမယား ခိုးယူပေါင်းသင်းသည်ဆိုကာ တိုင်ကြားခြင်းကို တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ စွဲချက်တင်ခဲ့သည်။ အမှုမှာ မောင်တင်မောင်ဆိုသူသည် ဇနီး မအုန်းရီနှင့် ကွဲကွာနေရာမှ မအုန်းရီသည် လျှောက်ထားခံရသူ မောင်သန်းနှင့် အတူတကွ ပေါင်းသင်းနေထိုင်ကြောင်း သတင်းကြားရသောကြောင့် တရားစွဲခဲ့သည်။ တရားလိုနှင့် သက်သေများကိုစစ်ဆေးပြီး သာယာဝတီမြို့နယ် တရားရုံးက မောင်သန်းအပေါ် ပုဒ်မ ၄၉၇ အရ စွဲချက်တင်ခြင်းအားတိုင်းတရားရုံးက ဆက်လက်အတည်ပြုသည်။ မောင်သန်းက ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသည်။ ဗဟိုတရားစီရင်ရေးအဖွဲ့က မောင်တင်မောင်၏ အမှုတိုင်တန်းချက်နှင့် ပတ်သက်၍ တရားလိုပြသက်သေများ ဖြစ်ကြသော ဦးကြီးရွှေ၊ မောင်ဟန်မြင့်နှင့် ဒေါ်သန်းတို့က ရုံးရှေ့တွင် ကိုယ်တိုင်မသိပါ။ အများပြောသံကြားရပါသည်ဟု ထွက်ဆိုသည်။ တရားလိုပြသက်သေတစ်ဦးဖြစ်သူ မစမ်းရီကလည်း ရုံးရှေ့တွင် မည်သို့မျှ ထောက်ခံထွက်ဆိုခဲ့ခြင်း မရှိသည်ကို ပြင်ဆင်မှုရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားသူ မောင်သန်းအပေါ် စွဲချက်တင်ထားခြင်းမှာ မူလတိုင်တန်းသော တရားလိုကိုယ်တိုင်နှင့် သက်သေများ၏တစ်ဆင့်ကြားစကားအရဖြစ်သည်။ တစ်ဆင့်ကြားသက်သေခံချက်မှာ သက်သေခံဥပဒေပုဒ်မ ၆၀ အရ သက်သေခံမဝင်ကြောင်း စိစစ် ဝေဖန်သုံးသပ်၍ မောင်သန်းအပေါ် သာယာဝတီမြို့နယ် တရားရုံး ပြစ်မှုကြီးဆိုင်ရာ အမှုအမှတ် (၁၄၇/၇၄) တွင် စွဲချက်တင်ထားခြင်းကိုပယ်ဖျက်၍ ဗဟိုတရားစီရင်ရေးအဖွဲ့က မောင်သန်းအား အမှုမှ ပြန်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။ မောင်သန်းသည် ၎င်း၏အမှုကို ဗဟိုတရားရုံးအဆင့်ထိ တက်လှမ်းနိုင်ခဲ့၍သာ ပြစ်ဒဏ်မှ လွတ်ကင်းခဲ့ရကြောင်း **မောင်သန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မောင်တင်မောင်) ၁၉၇၄ ခုနှစ်၊** ပြစ်မှုဆိုင်ရာ **ပြင်ဆင်မှုအမှတ် (၃၄၀ (ခ)) စီရင်ထုံး**ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရသည်။

အထက်ပါအမှုနှစ်ခုစလုံးတွင် ပထမအမှုသည် ဗဟိုတရားစီရင်ရေးအဖွဲ့၏ ဆင်ခြင်တုံတရားအရ ပြစ်ဒဏ်မှ လျှော့ပေါ့ခံစားခွင့်ရရှိခဲ့ခြင်းနှင့် ဒုတိယအမှုသည် စွဲချက်မတင်ထိုက်ပါဘဲလျက် စွဲချက်တင်ခဲ့သော မူလရုံးနှင့် ပထမအယူခံတရားရုံးတို့၏ အမိန့်ကို ဗဟိုတရားရုံးသို့ တက်လှမ်းနိုင်ခြင်းကြောင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း အများပြည်သူ ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၀၁၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၀၁၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၈၀၁၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလ တတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၈၀၁၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ မုန်လာထုပ် စသည့်သီးနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# မကွေးမြို့နယ် အလယ်ဘိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ဘိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက မေ ၄ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာ၌ လက်ရှိရေသုံးစွဲမှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ စင်မြင့်ရေစင်တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျေးရွာရေရရှိရေး ကော်မတီဝင်များ၏ တင်ပြချက်အပေါ် မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အလယ်ဘိုကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၅ သန်းဖြင့် ဧပြီလစတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၂၉၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၂၉၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံ ကမ်းခြေသို့ ယခုနှစ် မတ်လအတွင်းက ခရီးသွားဧည့်သည် ၁၈၄၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ဧပြီလအတွင်း ခရီးသွားဧည့်သည် ၂၉၂၄၃ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားအပန်းဖြေသူတွေ များခဲ့ပါတယ်။ တစ်လအတွင်း လာတဲ့ ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ဧည့်သည်များပါတယ်။ သင်္ကြန်ကာလနဲ့ အပူရှိန်တွေပြင်းတော့ ဧပြီလထဲမှာလဲ ဧည့်သည်တွေများ



ခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွား ဧည့်သည်တွေထဲမှာ ပြည်တွင်း ဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန် တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များ အပါအဝင်တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့်ကမ်းခြေသို့ လာသည့် ခရီးသွား ဧည့်သည်များကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငှက်ကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၄သန်းကို လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျားပစ်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကိုငွေကျပ် ၄၄ ဒသမ ၆သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦး စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# လှိုင်းဘွဲမြို့နယ် တောင်ခြေရင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ မေ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ခြေရင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက စီမံကိန်းစာစောင်ပါ အကြောင်းအရာများ၊ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသည့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ပြေအေးသက်

# ချစ်စဖွယ်အရိပ်ဖြာ သုံးကြောင်းကဗျာ

**❖ သုံးကြောင်းကဗျာဟု ဆိုလိုက်လျှင်ဖြင့် အမြင်ပသာဒအားဖြင့် စာလေးသုံးကြောင်းမျှသာ ရှိနေပါသောကြောင့် ဘာများခက်လို့လည်း၊ လူတိုင်းရေးနိုင်ကြတယ်ရယ်လို့ ထင်မှတ်ကြပေလိမ့်မည်။ သံပေါက်လေး၊ လေးလုံးစပ်လင်္ကာလေးကာရန်စပ်တတ်ရုံဖြင့် သုံးကြောင်းကဗျာ စပ်၍ဖြစ်တော့မည်ဟုထင်နေကြသည်။ တကယ်တော့လည်း ပုံစံနှင့် ကာရန်စပ်တတ်ရုံဖြင့်သာ သုံးကြောင်းကဗျာမဖြစ်သေးဘဲ ကဗျာအမည်နှင့် အကြောင်းအရာတို့ကလည်း လိုအပ်နေပေသည်။ ❖**

သုံးကြောင်းကဗျာလေးများကို စတင်တွေ့ထိခံစားရသည်မှာ ၁၉၇၅ ခုနှစ်ဝန်းကျင်လောက်ကဟု ဆိုရချေမည်။ ထိုအချိန်တွင် အချစ်စိတ်အစို့အညှောင့်တို့ကလည်း လူးလွန့်ခါစမို့ သုံးကြောင်းကဗျာပါ ပို့စကဒ်လှလှလေးမှ ဆရာမောင်ပန်းမွှေး၏ ကဗျာတို့သည် ရင်ကိုလာ၍လာ၍ ထိမှန်ကြပေရာ အဆိုပါ သုံးကြောင်းကဗျာများနှင့် စတင်ထိတွေ့ရင်နှီးခွင့်ရသည့်အချိန်ပင်ဖြစ်သည်။ ထိုကဗျာအချို့မှာ "တို့တစ်ယောက်ထဲ၊ မနေရဲလို့၊ အမြဲသူ့ကို စောင့်ရတယ်"၊ "တို့မလာအား၊ တို့ကိုယ်စား၊ ပန်းကလေးများ ပို့လိုက်တယ်"၊ "ညကအိမ်မက်၊ စိမ်းကားရက်သည်၊ အဖက်မလုပ်၊ အဟုတ်မလာ ကြာလှပြီ"၊ "ချစ်စရာ ပိတောက်၊ တစ်နှစ်တစ်ခါရောက်လို့၊ နှစ်တစ်ရာ လောက်မမေ့ဘူး"၊ "အသဲနှစ်ခု၊ ပေါင်းလို့စုလျှင်၊ တစ်ခုထဲပဲဖြစ်လိမ့်မည်"၊ "တို့ကျောင်းတော်ဦး၊ ကံ့ကော်မြူးလို့၊ နွေဦးရောက်ပြီ သူငယ်ချင်း" စသည်တို့ဖြစ်ကြပြီး အခြားသုံးကြောင်းကဗျာများစွာ ကျန်ရှိနေပေသေးသည်။

**သုံးကြောင်းကဗျာနှင့်ပတ်သက်၍**

ဆရာတင်မိုးက သုံးကြောင်းကဗျာနှင့် ပတ်သက်ပြီး အဆိုပါကဗျာများသည် အင်းဝခေတ်ကပင် ရှိခဲ့ကာ "ရွှေဖီလက်ဖက်၊ ညွန့်မပျက်နှင့်၊ တက်ပါတော့မည်အသက်ကယ်"ဟူ၍လည်းကောင်း၊ "ရွှေဝတစ်ဖက်၊ ရွှေကြက်ယက်၊ တောင်ထက်ကြည်သာဖွယ်တကား"ဟူ၍လည်းကောင်း စသောကဗျာများကို တွေ့ရှိခဲ့ရကြောင်း၊ ထိုကဗျာများသည် စပ်ရလည်း လွယ်ကူ၊ ခြေနိုင်၊ လက်နိုင်၊ တွေးနိုင်၊ ရေးနိုင်သည့်ပုံစံဖြစ်သောကြောင့် အထူးပျံ့နှံ့လာကြောင်း ဆိုခဲ့သည်။ ကဗျာတို့သည် လေးလုံးစပ်ကဗျာကို အခြေခံယူကာ စာသုံးကြောင်းတွင် ပထမစာကြောင်း၌ လေးလုံး၊ ဒုတိယစာကြောင်း၌ လေးလုံး၊ တတိယစာကြောင်း၌ ခုနစ်လုံးထားပြီး ကာရန်ယူပုံမှာ ၄-၃-၂ နှင့် ၄-၃-၁ တို့ဖြင့် ချိတ်ထားသည်ကို တွေ့ရပေသည်။ အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်ဆိုသည့် သံပေါက်ကဗျာလေးသည် သုံးကြောင်းကဗျာတို့၏ ပုံစံအဦးအစဖြစ်နိုင်သည်ဟုဆိုကြသည်။ သုံးကြောင်းကဗျာတို့သည် အင်းဝခေတ်ကစခဲ့ပြီး ခေတ်စမ်းစာပေကာလတွင် တစ်ဖန်ပြန်လည်အသက်ဝင်လာခဲ့သည်ဟု ဆိုရမည်။

သုံးကြောင်းကဗျာဟု ဆိုလိုက်လျှင်ဖြင့် အမြင်ပသာဒအားဖြင့် စာလေးသုံးကြောင်းမျှသာ ရှိနေပါသောကြောင့် ဘာများခက်လို့လည်း၊ လူတိုင်းရေးနိုင်ကြတယ်ရယ်လို့ ထင်မှတ်ကြပေလိမ့်မည်။ သံပေါက်လေး၊ လေးလုံးစပ် လင်္ကာလေးကာရန်စပ်တတ်ရုံဖြင့် သုံးကြောင်းကဗျာစပ်၍ဖြစ်တော့မည်ဟုထင်နေကြသည်။ တကယ်တော့လည်း ပုံစံနှင့် ကာရန်စပ်တတ်ရုံဖြင့်သာ သုံးကြောင်းကဗျာမဖြစ်သေးဘဲ ကဗျာအမည်နှင့် အကြောင်းအရာတို့ကလည်း လိုအပ်နေပေသည်။ ထိုအထဲတွင် ရသဟုခေါ်သော ကဗျာ့ဝိညာဉ်ထည့်တတ်ဖို့ကလည်း အရေးကြီးပေသည်။ တချို့က ထိုအရာကို ကဗျာ့ဗျာန်ဟုလည်းဆိုသည်။ သို့ဆိုလျှင် အဆိုပါသုံးကြောင်းကဗျာတို့တွင် ကဗျာ၏ အမည်သည်လည်းအသက်ပင်ဖြစ်သလို အကြောင်းအရာနှင့် ဖွဲ့စပ်ပုံသည်လည်း ကဗျာ၏သွေးကြောပင်ဖြစ်နေသည်။ သို့ဆိုလျှင် သုံးကြောင်းကဗျာပင်ဖြစ်သော်လည်း ဖွဲ့စပ်ရလွယ်ကူနေသည်မဟုတ်ဘဲ မည်မျှစိတ်နှစ်၍ ဖွဲ့စပ်ရသည်ကို တွေ့မြင်နေရပေသည်။

**ခေတ်စမ်းကာလနှင့် ခေတ်စမ်းကာလ နောက်ပိုင်း သုံးကြောင်းကဗျာများ**

ဆရာမင်းသုဝဏ်၏ "မစိမ်းပင်" ခေါင်းစဉ်အမည်ဖြင့် သုံးကြောင်းကဗျာတွင် "အိပ်မက်၌ပင်၊ စိမ်းရုပ်ဆင်သည်၊ သခင်မုန်းနိုင်ဘိတကား" ဟူ၍ ဖြစ်သည်။ ဆရာမင်းယုဝေ၏ "ကရုဏာ"ခေါင်းစဉ်ဖြင့် "ခ‌ောတ်ပုံထဲတွင်၊ မတ်တတ်မြင်သည်၊ သခင်ညောင်းမှာစိုးမိတကား"ဟူ၍ဖြစ်သည်။ ဆရာတင်မိုး၏ "ညှော့သည်ကြီး"အမည်ဖြင့် သုံးကြောင်းကဗျာမှာ "ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ၊ ငါ့ကိုပြန်ပို့ကြပါလေ"ဟူ၍ ဖြစ်သည်။

ဖော်ပြထားသည့် သုံးကြောင်းကဗျာများနှင့် ပတ်သက်၍ အချို့ကဗျာများ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြရမည်ဆိုလျှင် ဆရာမင်းသုဝဏ်၏ မစိမ်းပင် ဆိုသည့်ကဗျာတွင် သေတစ်ပန်သက်ဆုံးအထိ မချစ်နိုင်ဘူးလို့ အငြင်းခံထားရသူတစ်ယောက်သည် အိပ်မက်မက်တာတောင် အိပ်မက်ထဲထိ စိမ်းသည့် သရုပ်၊ စိမ်းသည့်ဟန်၊ စိမ်းသည့်အပြောတွေက မြင်ရမက်ရသည့်သဘောပင်ဖြစ်ပြီး အမုန်းများ၏ ထွဋ်ခေါင်၊ အမုန်းဧကရီ၊ အမုန်းဒေဝီ၊ အမုန်းသခင် စိမ်းကားမှုသရုပ်ကို ကဗျာခေါင်းစဉ် "မစိမ်းပင်"နှင့် တွဲဖက်၍အနက်ဖော်ထားသည်။ ဆရာတင်မိုး၏ ညှော့သည်ကြီးကဗျာတွင် လူ့လောကဘုံက အပူမီး ၁၁ မီးနှင့် လောင်ကျွမ်းနေရခြင်းမှာ ဆေးလိပ်တိုနှင့်တူနေပြီး နေလည်းညိုပြီဆိုသည်မှာ ဘဝဆည်းဆာနေဝင်ခါနီးအချိန်ကိုဆိုလို၍ အခံ၊ အလိုက်၊ အအုပ်ညီစွာဖြင့် ခေါင်းစဉ်ညှော့သည်ကြီးဆိုသည့် အမည်နှင့်လိုက်လျောညီထွေစွာ သင်္ခါရကို ဖွဲ့ဆိုသည်။

**မောင်ပန်းမွှေး၏ ကြာပန်းကဗျာ**

၁၉၇၀ ခန့်က မောင်ပန်းမွှေး၏ ကြာပန်းကဗျာ "ကြာတတ်တာတွေ၊ မကြာစေဖို့၊ ကြာတွေ လှူကာ၊ ဆုတောင်းပါသည်၊ မကြာခင်ပဲပြည့်ပါစေ" ဟူ၍ ဖြစ်သည်။ သုံးကြောင်းကဗျာမဟုတ်ဘဲ ငါးကြောင်းကဗျာဖြစ်နေသည်။ ဆရာမောင်ပန်းမွှေး၏ အခြားသုံးကြောင်းကဗျာတွင်ပင် လေးကြောင်း၊ ငါးကြောင်း ကဗျာများလည်း ရောယှက်ပါဝင်နေတတ်သည်။ ပုံစံထက်အကြောင်းအရာနှင့် အနှစ်သာရကို ဦးစားပေးသောအခါ ထိုကဲ့သို့ ကြောင်းရေများတိုးပွားလာဟန်ရှိသည်ကို တွေ့ရသည်။ ကြာပန်းကဗျာလည်း ထိုသို့ပင် ဖြစ်သွားဟန်ရှိပြီး ကြောင်းရေမှာလည်း ရှည်သွားဟန်ရှိသည်။ အဆိုပါကဗျာသည် ဘုရားအား ကြာပန်းလှူသည့် အဓိပ္ပာယ် အနှစ်သာရမှာ ဂေါတမ မြတ်စွာဘုရားရှင် အလောင်းတော်မြတ်ကြီး သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရား ရှင်ကြွလာမည့်လမ်း၌ မြို့သူ၊ မြို့သားများပေးသည့် လမ်းနေရာကို အချိန်မီပြင်ဆင်မပြီးစီးသဖြင့် မိမိကိုယ်ကို အလျားစင်းကာ တံတားအဖြစ် ခင်းပေး၍ ကြာပန်းလှူသည်ကို ဆိုလိုစပ်ဆိုထားပေသည်။

**သုံးကြောင်းကဗျာနှင့် ဟိုက္ကူကဗျာ**

သုံးကြောင်းကဗျာသည် ဟိုက္ကူကဗျာနှင့် သုံးကြောင်းခြင်းမှာ ကြောင်းရေတူပြီး စာလုံးရေသာ အတန်ငယ်ကွာခြားသည်။ ဆရာမင်းသုဝဏ်က ၁၉၈၀ ပြည့်နှစ်တွင် ဟိုက္ကူကဗျာများကို မိတ်ဆက်ပေးခဲ့ရာ ကဗျာတိုများ ပြန်လည်ခေတ်စားလာခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏ ဟိုက္ကူကဗျာ မြည်းစရာတွင် ဟိုက္ကူကဗျာ၏ပုံစံမှာ စာကြောင်းသုံးကြောင်းရှိသည်။ ပထမစာကြောင်းတွင် ဝဏ္ဏငါးလုံး၊ ဒုတိယစာကြောင်းတွင် ခုနစ်လုံး၊ တတိယစာကြောင်းတွင် ငါးလုံး၊ စုစုပေါင်း ဝဏ္ဏ ၁၇ လုံးရှိသည်။ တစ်ခါတစ်ရံကားခြွင်းချက်များရှိနေတတ်သည်။ အကြောင်းအရာအားဖြင့်ဆိုလျှင် ဟိုက္ကူစာဆိုတို့သည် ရာသီဥတုကို ထီးခရိုင်အဖြစ်ထား၍ ရာသီဥတုအခြေအနေကို ထီးလက်၊ ထီးအုံအဖြစ် ဆောက်ပြီးလျှင် ခံစားမှုကို ထီးရွက်ပန်းပွားအဆင်တန်ဆာများအဖြစ် မွမ်းမံဆင်ယင်ကြသည်ဟုဆိုသည်။

**ဟိုက္ကူကဗျာအချို့နှင့်မိတ်ဆက်**

ဆရာမင်းသုဝဏ်၏ ဟိုက္ကူကဗျာအချို့နှင့် မိတ်ဆက်အနေဖြင့် ဆက်လက်ဖော်ပြရမည်ဆိုလျှင် ဂျပန်ကဗျာဆရာ တေအိက၏ "ကြွေလွင့်ပန်းပွင့်များ၊ နောက်က အပြေးလိုက်လို့သွား၊ မုန်တိုင်းလေတကား"ဟူ၍လည်းကောင်း၊ ကဗျာဆရာ ဆိုးဂီ၏ "တိမ်ထဲမှာ တောငန်း၊ လျှိုထဲမှာ ဟင်္သာမြည်တမ်း၊ တောင်မှာခြေသွားလမ်း" ဟူ၍လည်းကောင်း၊ ၎င်းစာဆိုကပင် "မြန်မြန်ကြွေပေမယ့်၊ ကြာကြာစောင့်မျှော်စေတတ်တဲ့၊ ချယ်ရီစိတ်ထားကွယ့်"ဟူ၍လည်းကောင်း၊ ၎င်းစာဆိုကပင် "လမ်းဘေးမြက်တောက၊ မနက်နှင်းပေါက်ပွတ်တိုက်ချ၊ ရေခဲမိုးမခ"ဟူ၍လည်းကောင်း၊ ၎င်းစာဆိုကပင် "လမင်းဝင်ပြီကွယ်၊ မနက်ဒီရေ စီးသံမြန်တယ်၊ နွေဥတုပင်လယ်"ဟူ၍လည်းကောင်း၊ ကဗျာဆရာ ဆအိမုကလည်း "ဟောင်းလောင်းအခွံမှာ၊ သူ့ကိုယ်နိဂုံးချုပ်ရရှာ၊ ပုစဉ်း၏ကြမ္မာ" ဟူ၍လည်းကောင်း ဖွဲ့ဆိုထားကြသည်။

**သုံးကြောင်းကဗျာဖွဲ့ထုံး**

ဆရာတင်မိုး၏ "ညှော့သည်ကြီး" ဟူသော သုံးကြောင်းကဗျာသည် ဂယက်အနက်များပေးနိုင်ပြီး ဝါကျနှစ်ကြောင်းဖြင့် ဖွဲ့ဆိုထားသည့်ကဗျာဟု ယူဆ၍ရပေသည်။ ပထမအကြောင်း ဆေးလိပ်တိုတွင် ဝါကျ၏အဆုံးသတ်ပစ္စည်းကို မြှုပ်ထားသည်။ ဝါကျနှစ်ခုပေါင်းမှသာ တတိယဝါကျအတွက် အကြောင်းပြဝါကျဟုဆိုနိုင်သည်။ မုံရွာနေဇာ၏ မြန်နှုန်းမြင့်စံချိန်ဟူသည့် ခေါင်းစဉ်ဖြင့် ရေးဖွဲ့ထားသည့်သုံးကြောင်းကဗျာတွင် "မျက်စိတမှိတ်၊ ခေါင်းတစ်ညိတ်မှာ၊ စိတ်က ကမ္ဘာပတ်ပြီးပြီ" ဆိုသည်၌ စိတ်၏လျင်မြန်ပုံကို မှိတ်၊ ညိတ်၊ စိတ်ဟူသော "အိတ်"ကာရန်ကိုယူပြီး ၄-၃-၁ ဟူသော ကာရန်ယူပုံစံဖြင့် ဖွဲ့ဆိုထားသည်။ စိတ်ဟူသော နာမ်ပုဒ်၏ရှေ့တွင် အချိန်ပြကြိယာဝိသေသနအဖြစ် "မျက်စိတမှိတ်၊ ခေါင်းတစ်ညိတ်မှာ" ဟူသောစကားလုံးဖြင့် အထူးပြုထားသည့်အတွက် စိတ်၏လျင်မြန်ပုံကို ပို၍လေးနက်လာစေသည်။ ဤကဗျာသုံးကြောင်းကို တွဲ၍ရွတ်ကြည့်လျှင် ဝါကျတစ်ကြောင်းတည်းဟု မှတ်ယူနိုင်လောက်အောင်ပင် ရှေ့နောက်အဆက်အစပ် ရှင်းလင်းသည့်အတွက် ကဗျာဖွဲ့ထုံးစည်းကမ်းအတိုင်း ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

**ဖွဲ့ထုံးစည်းကမ်းနှင့် မညီသော သုံးကြောင်းကဗျာ**

ဆရာတင်မိုး၏ "စာတိုက်ပုံး" ဟုအမည်ရသည့် သုံးကြောင်းကဗျာတွင် "ချစ်သူစာအိတ်၊ ရင်တွင်းသိပ်၍၊ တိတ်တိတ်မွေးမှာ စိုးမိတယ်" ဆိုသည်၌ ၄-၃-၂ ကာရန်ပုံစံဖြင့် ဖွဲ့ဆိုထားပြီး ကဗျာသုံးကြောင်းကို စာတစ်ကြောင်းတည်းဖြင့် ရွတ်ဆိုလျှင် ပထမအကြောင်းနှင့် ဒုတိယအကြောင်းကြားတွင် "ကို"ဟုဆိုသော ဝိဘတ်ပျောက်နေသည်ကို တွေ့နိုင်ပေသည်။ အဆိုပါ ဝိဘတ်မပါရှိသဖြင့် ပြည့်စုံမှုမရှိသော ဖွဲ့ထုံးဟုဆိုနိုင်သော်လည်း ကဗျာ၏အဓိပ္ပာယ်ကိုမူ သဘောပေါက်နိုင်ပေသည်။ ကဗျာ၏ ခေါင်းစဉ်နှင့်တွဲဖက်၍ ဖတ်ရှုလျှင်ပင် စာတိုက်ပုံးကို သဝန်တိုစိတ်သဘောနှင့် ချစ်သူ၏ စာကိုမျှော်နေသည့် သဘောတို့ကို ဂယက်အနက်အဖြစ်တွေ့နိုင်ပေသည်။ မောင်ပေါက်စည်၏ "ညှော့သည်"ဟူ၍ အမည်ရသော သုံးကြောင်းကဗျာတွင် "လာရောက်ခိုနား၊ သူပျံ့သွားသော်၊ ကိုင်းဖျားသိမ့်သိမ့်ခါသတည်း" ဟူသည်၌ သူသည် ငှက်တစ်ကောင်ကို ရည်ညွှန်းသည့်နာမ်စားဖြစ်ပြီး လာရောက်ခိုနားဆိုသည့် လုံးတွဲကြိယာကို အသုံးပြုထားသော်လည်း ကတ္တားနှင့် ကံကိုမတွေ့ရှိရသဖြင့် ဖွဲ့ထုံးနှင့်မညီသော ကဗျာဟုဆိုနိုင်သည်။ ချစ်သူဘဝ ဂယက်အနက်ကိုလည်း ယူနိုင်ပေသည်။

**ကဗျာ၏ အခွင့်ထူး**

ပြောရမည်ဆိုလျှင် ကဗျာဝါကျဖန်တီးမှုသည် ရေးဟန်ပညာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။ စကားပြေတွင် ဝါကျရှိသကဲ့သို့ ကဗျာတွင်လည်း ဝါကျဖွဲ့ထုံး ရှိပေသည်။ သဒ္ဒါစည်းကမ်း၊ ဖွဲ့ထုံးစည်းကမ်းတို့နှင့်အညီ ဖွဲ့ဆိုသည့်ကဗျာများရှိသကဲ့သို့ အဆိုပါတို့နှင့်မညီသော ကဗျာများလည်းရှိနေပေရာ ထိုအချင်းအရာကို ကဗျာ၏ အခွင့်ထူးဟု ဆိုရချေမည်။ သုံးကြောင်းကဗျာတို့သည် တိုတိုတုတ်တုတ်နှင့် လိုရင်းရောက်အောင် ရေးဖွဲ့ကြရသည်ဖြစ်ရာ ကဗျာခေါင်းစဉ်၊ ကာရန်ပုံစံ၊ အကြောင်းအရာ၊ စကားလုံးရွေးချယ်မှုနှင့် ကဗျာဝါကျဖွဲ့ထုံးများတို့ကို အစီအစဉ်တကျဖြင့် ထည့်သွင်းရေးစပ်ခြင်းသည်ပင်လျှင် သုံးကြောင်းကဗျာ၏ အနုပညာဟုပင် ဆိုရချေမည်။ သို့ဆိုလျှင် ကဗျာရှင်၏ ဖန်တီးမှုစွမ်းရည်အရ ကဗျာဆိုလိုရင်း၊ ကဗျာအာနိသင်နှင့် ကဗျာခံစားမှုရသအမျိုးမျိုးတို့ ကွဲပြားကွာခြားသွားနိုင်ပုံကို မြင်တွေ့နိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ ကဗျာစာရင်းဝင် သုံးကြောင်း ကဗျာတို့သည်လည်း ကဗျာအသိုက်အမြုံတည်နေသ၍ ဆက်လက်ရှိနေဦးမည့် မြန်မာစာပေလောက၏ ဂန္ထဝင်ကဗျာတစ်မျိုးအဖြစ် ချစ်စဖွယ်အရိပ်ဖြာနေဦးမည်ဟု ရေးသားလိုက်ရပေသည်။


**ကိုးကား**

- မင်းသုဝဏ်၏ ဟိုက္ကူကဗျာ မြည်းစရာ
- မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာ နိဒါန်း
- အေးစုငြိမ်း၏ သုံးကြောင်းကဗျာများမှ ကဗျာဝါကျစာတမ်း
- ဆောင်းလုလင်၏ သုံးကြောင်းကဗျာ အတွဲများ

# နိုင်ငံအတွက် အားထားရမည့်လူရည်ချွန်များကို ပြုစုပျိုးထောင်ပေး

## ညွန့်ဝင်း(နတ်တလင်း)

နိုင်ငံတော်အစိုးရသည် လူငယ်များကို ကာယဗလ၊ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသော "ဗလငါးတန်"နှင့် ပြည့်စုံသော လူတော်လူကောင်းများဖြစ်လာစေရန် မြှင့်တင်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် လူငယ်ကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများတွင် လူရည်ချွန်စီမံကိန်းသည်လည်း သမိုင်းအစဉ်အလာကြီးမားသော အစီအစဉ်လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ရန် အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်ကို သတ်မှတ်အကောင်အထည်ဖော်နေသည်ကို အားလုံးအသိဖြစ်ပါသည်။

နိုင်ငံတော်က ၁၉၆၄ ခုနှစ်မှစ၍ ၁၉၈၈ ခုနှစ်ထိ ပထမလူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်လာခဲ့ပြီး ၂၀၁၃ ခုနှစ်နှင့်နောက်ပိုင်းတွင်လည်း ဒုတိယလူရည်ချွန်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ပြီး လူရည်ချွန်ပေါင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။ ယခင် မွေးထုတ်ပေးခဲ့ပြီးသော လူရည်ချွန်မောင်မယ်များသည် နိုင်ငံတော်ဝန်ကြီးဌာနအသီးသီးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပါမောက္ခနှင့် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်သူများအဖြစ် နိုင်ငံကိုအကျိုးပြုလျက်ရှိသည်။ ကျွန်တော်ကျောင်းသားဘဝက အတူပညာသင်ရင်း လူရည်ချွန်ဖြစ်ခဲ့ကြသော သူငယ်ချင်းအချို့သည် ယခုလက်ရှိနိုင်ငံတော်တွင် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ လူရည်ချွန်ဖြစ်ခဲ့သူများသည် ညွှန်ကြားရေးမှူး၊ ပါမောက္ခအဆင့်နှင့်အထက် တာဝန်ထမ်းဆောင်သူ ၂၁၆ ဦးထက်မနည်းပေါ်ထွန်းခဲ့ကြောင်း လူရည်ချွန်စီမံကိန်း၏အောင်မြင်မှုသက်သေအဖြစ် သိမှတ်ရသည်။

လူရည်ချွန်စီမံကိန်းကို ၁၉၈၈ ခုနှစ် နောက်ပိုင်း ၁၉၈၉ ခုနှစ်မှစ၍ ယာယီရပ်နားထားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘက်စုံပညာထူးချွန် လူငယ်စီမံကိန်းအမည်ဖြင့် ပြန်လည်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ် တွင် "လူရည်ချွန်" ဟူသော အမည်ဖြင့်သာ ပြန်လည် အကောင်အထည်ဖော်ခဲ့သည်။ ထိုသို့ ဆက်လက် အကောင်အထည်ဖော် နေစဉ်ကာလမှာပင် ကိုဗစ် -၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားလာမှုကြောင့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှစ၍ လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရပြန်သည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစ၍ ပြန်လည်အကောင်အထည်ဖော်လာခဲ့ရာ ယနေ့ထိ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူ လူငယ်များကို လူရည်ချွန်အဖြစ်ရောက်ရှိစေရန် ပြုစုပျိုးထောင်ရသော လုပ်ငန်းသည် လွယ်ကူလှသည်တော့မဟုတ်ပေ။ အပင်တစ်ပင်ကို အသီးအပွင့်များဖြင့် ဝေဆာလှပစွာ ဖူးပွင့်လာစေရန် ကောင်းမွန်သော ရေခံ၊ မြေခံဖန်တီး၍ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ကာ ကောင်းမွန်မျှတသော မြေဩဇာများ ကျွေးလျက် ရေ၊ နေ၊ လေ ညီညွတ်မျှတစွာပေးနိုင်မှ အောင်မြင်သကဲ့သို့ လူရည်ချွန်များ ထွန်းကားပေါ်ထွက်လာစေရန် မိဘ၊ ဆရာတို့က စနစ်တကျသင်ကြားလေ့ကျင့်ပေးမှု၊ ကျောင်းသား၊ ကျောင်းသူ၏ ကြိုးစားရယူမှုတို့ ညီညွတ်မျှတကောင်းမွန်မှသာ အောင်မြင်မှုရသည်။ တစ်နည်းအားဖြင့် လူရည်ချွန်တစ်ဦးဖြစ်လာစေရေးသည် ယခုရေတွင်းတူး၊ ယခုရေကြည်သောက်ချင်၍ မရပေ။ ငယ်စဉ်ကတည်းက ပညာဉာဏ်ရည်မြင့်မား



အောင် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရသည်။ ပညာဉာဏ်ရည်မြင့်မား၍ စာတော်သော ကျောင်းသားဖြစ်နေရုံနှင့် လူရည်ချွန်မဖြစ်သေးပေ။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်ပြည့်စုံသူကိုသာ လူရည်ချွန်အဖြစ်ရွေးချယ်နိုင်သည်။ ထိုသို့ ဘက်စုံထူးချွန်သူတစ်ဦးဖြစ်လာစေရန် မိဘ၊ ဆရာသမားများနှင့် နိုင်ငံတော်က အထူးမြေတောင်မြှောက်ပေးရလေသည်။

လူရည်ချွန်တစ်ဦးအဖြစ်ရွေးချယ်ရန် အဆင့်ဆင့်သော စိစစ်ရွေးချယ်မှုစံနှုန်းများနှင့် စိစစ်ရွေးချယ်ခြင်းဖြစ်သည်။ ပထမဦးစွာ ကျောင်းအဆင့်တွင် အတန်းအလိုက် ဉာဏစွမ်းရည်အမှတ်၊ ကာယစွမ်းရည်အမှတ်များ အမြင့်ဆုံးရရှိထားရမည်ဖြစ်သည်။ လူရည်ချွန်အဖြစ် ဝင်ရောက်အရွေးချယ်ခံမည့်သူကို လူရည်ချွန်စိစစ်ရွေးချယ်ရေးအဖွဲ့က ပညာရပ်ဆိုင်ရာစွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကာယကြံ့ခိုင်မှုတို့ကို ဘက်စုံထောင့်စုံမှအကဲဖြတ်စစ်ဆေးသည်။ ရေးဖြေစစ်ဆေးမှုတွင် ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့်အထွေထွေဗဟုသုတ မေးခွန်းများကိုဖြေဆိုရသည်။ဤစစ်ဆေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်ဆိုင်ရာနားလည်မှုနှင့် စာပေဆိုင်ရာကျွမ်းကျင်တတ်မြောက်မှုနှင့်စပ်လျဉ်း၍ ဉာဏစွမ်းရည်အကဲဖြတ်မှုအဖြစ်စစ်ဆေးသည်။

ထို့နောက် ဘဝတွက်တာ ကျွမ်းကျင်စရာများ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်ဆက်စပ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာ၊ သဘောထားအမြင်တို့ကို လူတွေ့နှုတ်ဖြေမေးမြန်းအကဲဖြတ်သည်။ ဤစစ်ဆေးမှုဖြင့် လူငယ်တို့၏ အသိစိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အရည်အသွေးတို့ကို အကဲဖြတ်စစ်ဆေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ကာယ ကြံ့ခိုင်မှုအတွက် အပြေး၊ အလျားခုန်၊ အိပ်ထမတင်၊ ဒိုက်ထိုးခြင်းနှင့်ခါးရှေ့ကုန်းကိုယ်လက်လှုပ် ရှားမှုများကို လက်တွေ့စစ်ဆေးသည်။ဤစစ်ဆေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ကာယကြံ့ခိုင်မှုနှင့် သွက်လက်ဖျတ်လတ်မှုကို တိုင်းတာအကဲဖြတ်သည်။ တစ်ဖန် လူမှုဝန်ထမ်း လုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်တတ်မှုနှင့် အသင်းအဖွဲ့လိုက်ပါဝင် ဆောင်ရွက်တတ်မှုတို့ကို လူမှုရေးဆောင်ရွက်မှု မိတ္တဗလကို စစ်ဆေးတိုင်းတာသည်။ ဤသို့ ဘက်စုံစိစစ်ရွေးချယ်မှုများဖြင့် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်စွာ တာဝန်ထမ်းဆောင်နိုင်မည့် လူရည်ချွန်ကို ရွေးချယ်သည်။

ဤကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့်စာရိတ္တပိုင်းဆိုင်ရာ စစ်ဆေးမှုများဖြင့် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်ဟူ၍ အဆင့်ဆင့် စစ်ဆေးအတည်ပြု ရွေးချယ်ခြင်းဖြစ်သဖြင့်လူရည်ချွန် မောင်မယ်လူငယ်များသည် ဂုဏ်ယူထိုက်သူ၊ ဂုဏ်ပြုထိုက်သူ၊ အားကျအတုယူ ထိုက်သူစံပြလူငယ်များပင်ဖြစ်သည်။

လူရည်ချွန်အဖြစ်ရွေးချယ်ခံရသော လူငယ်မောင်မယ်များကို အတွေ့အကြုံဗဟုသုတသစ်၊ စည်းလုံးရင်းနှီးချစ်ကြည်မှုများ စသည့်အဖိုးတန်အရည်အချင်းများ ထပ်မံပြည့်ဝလာစေရန် လူရည်ချွန်အပန်းဖြေစခန်းများသတ်မှတ်ပြီး လေ့လာရေးခရီးစေလွှတ်သည်။ နေပြည်တော်ကို လူရည်ချွန်စုပေါင်းစခန်းအဖြစ်သတ်မှတ်ထားပြီး နယ်စခန်းများဖြစ်သော ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်၊ ချောင်းသာ လူရည်ချွန်စခန်းများသို့ အဆင့်ဆင့်လေ့လာရေးခရီး စေလွှတ်သည်။

လူရည်ချွန်လေ့လာရေးခရီး သွားရခြင်းဖြင့် လူရည်ချွန်မောင်မယ်များသည် လူရည်ချွန်စခန်းများတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားမောင်မယ်များ အချင်းချင်း ဆုံစည်းမိပြီး ညီအစ်ကို မောင်နှမအရင်းများသဖွယ် ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မိသားစုစိတ်ဓာတ်၊ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အများနှင့် စုပေါင်းလှုပ်ရှားနိုင်သည့်လူမှုရေးစွမ်းရည်များ တိုးတက်ရရှိလာမည်ဖြစ်သည်။ မရောက်ဖူးသေးသော နယ်မြေဒေသများသို့ရောက်ရှိသဖြင့် ရောက်ရှိရာဒေသ၏ သမိုင်းဝင်နေရာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုများကို ဒေသန္တရ ဗဟုသုတအဖြစ် တိုးပွားရရှိနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်စေရန် အခြေခံပညာမှစ၍ အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။ အခြေခံပညာရေးတွင် KG +9 မူဝါဒဖြစ်သည့် အခြေခံပညာကို KG မှ Grade 9 ထိ မဖြစ်မနေပြီးမြောက်အောင် သင်ကြားနိုင်ရေးကို ဆောင်ရွက်နေခြင်းသည် နိုင်ငံသားတိုင်း အနည်းဆုံးလိုအပ်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် စည်းကမ်းရှိသည့်စနစ်ကို အာမခံပေးနိုင်ရန် အခြေခံအုတ်မြစ်ချပေးနေခြင်းဖြစ်သည်။ လူငယ်တို့သည် စာသင်ခန်းတွင် ပညာဆည်းပူးနေရုံနှင့် မလုံလောက်ဘဲ လူရည်ချွန်ကောင်းများဖြစ်လာအောင် ကြိုးစားကြပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာသုံးရပ်စလုံးဟန်ချက်ညီ တိုးတက်ကောင်းမွန်သည့် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားအားထုတ် ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ လူငယ်များသည် နောင်တစ်ချိန်တွင် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရမည့်သူများဖြစ်သောကြောင့် လူငယ်များထဲမှ ယခုကဲ့သို့ လူရည်ချွန်များကို နိုင်ငံတော်က မျှော်မှန်းချက်ထား၍ မွေးထုတ်ပေးနေခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နိုင်ငံတော်သစ်၏ ဗလငါးတန်ပြည့်ဝ လူရည်ချွန်များ (ဉာဏ်သစ် - မန်းတက္ကသိုလ်)**
- **လူရည်ချွန်ရွေးချယ်ရေးစီမံချက်များ (ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပညာရေးနည်းပြများ အလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ)အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

(ဂ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

(င) မည်သည့် ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့် မိတ္တူ)။

(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့် မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိကြောင်းထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)။

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

(ခ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

(ဂ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

(င) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

(စ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

(ဇ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(ဈ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

(ဋ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

(ဌ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

(ဍ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

(ဎ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| အဆင့်/အတန်း | အခြေခံလစာ | နှစ်တိုး | ပေါင်း |
|---|---|---|---|
| (၁) တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၈၀၀၀ |
| (၂) ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူ ခံစားခွင့်ရှိသည်။

(ခ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

(ဂ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာ စာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂ စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ဟေမမာလာမြောက်အကွက်(၆၄၃)၊ မဟာအောင်မြေမြို့နယ်၊ ၇၈ လမ်း၊ ၃၅ x ၃၆ ကြား၊ အမှတ်(၅၁)နေ အေးအေးထွေး(၉/မရတ(နိုင်)၁၀၈၃၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) DEONO MDY-26 020734 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-665572086

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ BEST ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးခိုင်စိုးဝင်း၏သမီး မအိမ့်မှူးမေအား မမေသော်တာချမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမေသော်တာချမ်း

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နေ မအိကာသာ (ဘ) ဦးအောင်ကျော်စိုး(၉/အမဇ(နိုင်)၀၃၇၁၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-557753)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-975922846

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ် H(၁၇၂)ရှိ မြေကွက်ပေါ်တွင် ဒေါ်ခိုင်စုဝေ(၉/မခန(နိုင်)၂၃၂၁၉၃)ကိုင်ဆောင်သူမှ အလျား ၂၈'-၀"၊ အနံ ၁၅'-၀" ဝါးထရံကာ (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ပေါက်တောကျေးရွာ၊ ရွာလယ်လမ်းနေ ချမ်းမြေ့သူ (ဘ) ဦးမြမင်း(၉/မခန(နိုင်)၂၉၃၂၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-680739882

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"
"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။




# ဒုတိယသမ္မတ ဦးညိုစော နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၅

နှစ် ၈၀ ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောက အမှာစကား ပြောကြားရာတွင် ယနေ့သည် တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ် အသွယ်သွယ်မှ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော မီးသတ်လုပ်ငန်းများတွင် အသက် ၉၀ နှစ်နှင့်အထက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းဟောင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်စစ်ကြောင်းများက KIA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မော်လူးမြို့ကို ပြန်လည်ထိန်းချုပ်

နေပြည်တော် မေ ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက် လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့်ဒေသများ၌ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး အဆင့်ဆင့်ပြန်လည်ထိန်းချုပ်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော ကသာခရိုင် အင်းတော်မြို့ကို ဧပြီ ၃၀ ရက်တွင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် မော်လူးမြို့ကို ထပ်မံ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

မော်လူးမြို့သည် ကသာခရိုင် အင်းတော်မြို့နယ်တွင် ပါဝင်သည့် မြို့တစ်မြို့ဖြစ်ပြီး အင်းတော်မြို့၏ မြောက်ဘက် မိုင် ၂၀ အကွာတွင်တည်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ထားသည့်အချက်အချာကျသည့် ပြည်နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်သော ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေး၌တည်ရှိရာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် စာမျက်နှာ ၂၂ ကော်လံ ၁ ❖

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မော်လူးမြို့ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။(မိုး/ဇလ)

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မလေးရှားသို့ သယ်ဆောင်မည့် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၃ ကီလိုကျော် ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃

